The Agribiz News
ယနေ့ခေတ် စီးပွားရေး သတင်း
www.agribiznews.com.mm
e-Paper-0044
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်

# စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက်ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းစီမံကိန်းစတင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော်၊အောက်တိုဘာ ၂၂

မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ (၂၀၂၅)ဖြင့် ဆောင်ရွက်မည့် “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေး အတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း” စီမံကိန်း၏ စီမံကိန်း စတင်ရေး အလုပ်ရုံဆွေးနွေးပွဲ (Project Inception Workshop)"ကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင် က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ ဟန်ချက်ညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေး ကနဦး မတည်ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိသကဲ့သို့ ဝန်ကြီးဌာန အနေဖြင့်လည်း နည်းပညာအပါအဝင် တောင်သူ့လိုအပ်ချက် ဖြည့်ဆည်းပေး ခြင်းများကိုလည်း စဉ်ဆက် မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

ထို့အပြင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ် ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း : (Establishment of a Soybean Processing Plant through Research and Development for Cooking Oil and Soybean Meal Sufficiency in Myanmar)" စီမံကိန်းကို မဲခေါင်- လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုအထူး ရန်ပုံငွေ(၂၀၂၅)ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ယခင်စီမံကိန်း၏ အောင်မြင်မှု အတွေ့အကြုံများအပေါ် အတွေ့အကြုံရယူ၍ ပိုမိုတိုးတက် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအသစ် ဖြစ်ကြောင်း၊

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်း နီးပါးကို နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ တင်သွင်းနေရလျက်ရှိပြီး မွေးမြူရေးကဏ္ဍ အတွက် မရှိမဖြစ် လိုအပ်သော ပဲပုပ်ကြိတ်ဖတ်ကိုလည်း နှစ်စဉ် မက်ထရစ်တန်ချိန် သုညဒသမ ၆ သန်းခန့် ပြည်ပမှ ဝယ်ယူနေရကြောင်း၊ ဤလိုအပ်ချက် နှစ်ခုလုံးကို ပြည်တွင်းဖြစ် ထုတ်ကုန်များဖြင့် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး အပါအဝင် ယခုစီမံကိန်းသည် ပြည်တွင်းစွမ်းအား၊ သုတေသနနှင့် နည်းပညာများဖြင့် ရင်ဆိုင်ဖြေရှင်းမည့် မဟာဗျူဟာမြောက် ချဉ်းကပ်မှုဖြစ်ပါကြောင်း၊ ဤစီမံကိန်း၏ အဓိက ရည်မှန်း

စာ-၂ သို့

မွေးမြူကဏ္ဍ ထုတ်လုပ်နိုင်စွမ်းနှင့် ဈေးကွက်ယှဉ်ပြိုင်စွမ်း မြှင့်တင်ရေး စာ-၈

ပန်းစိုက်ကဏ္ဍဖွံ့ဖြိုးရေး အားလုံးပါဝင်ပေး စာ-၁၆

# ခွေးရူးရောဂါကာကွယ်ဆေးနှင့် ပတ်သက်သော လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၂၃

ခွေးရူးရောဂါကာကွယ်ဆေးနှင့် ပတ်သက်သော လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ရုံးအမှတ်(၃၆) အစည်းဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီမှ တာဝန်ရှိသူများ ၊ ပညာရှင်များ ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ၌ ခွေးရူးရောဂါသည် လူနှင့် တိရစ္ဆာန်နှစ်ဖက်လုံးအတွက် အလွန်အန္တရာယ်ရှိကြောင်း၊ WHO အစီရင်ခံစာအရ နှစ်စဉ် ကမ္ဘာတစ်ဝန်းမှာ လူပေါင်း ၅၉,၀၀၀ ခန့် အသက်ဆုံးရှုံးနေပြီး ၉၉ ရာခိုင်နှုန်းမှာ ခွေးများမှ ကူးစက်ကြောင်း၊ အချက်အလက်များအရ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် လူသေဆုံးမှုအချို့ ဆက်ရှိနေဆဲဖြစ်ပြီး၊ အဓိကအကြောင်းအရင်းမှာ ပိုင်ရှင်မရှိသည့် ခွေးလေ၊ ခွေးလွင့်များမှ ကူးစက်နေခြင်းဖြစ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့်လည်း ခွေးရူး ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းများ (Mass Dog Vaccination) ကို လုပ်ငန်းစီမံချက်များရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေးကို ၁၉၅၆ ခုနှစ်မှ စတင်၍ P.V. 10 strain ဗိုင်းရပ်စ် အမျိုးအစားအား သိုး၏ဦးနှောက်တွင် ထိုးနှံ၍ ပွားများစေပြီး အားပျော့စေကာ ကြက်ဥ သန္ဓေသားတွင် အားဖျော့ထားသော ဗိုင်းရပ်အမျိုးအစား Flury, Low Egg Passage Strain ကိုပေါက်ပွားစေပြီး သန္ဓေသားလောင်းကို အမှုန့်ကြိတ်၍ အခြောက်ခံ ထားသောဆေးအား အသုံးပြုခဲ့ကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင် ခွေးရူးရောဂါပိုးသည် လူကိုကူးစက်စေနိုင်သည့်အပြင် အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားခြင်း၊ ကာကွယ်ဆေး ထုတ်လုပ်သူများ၏ အာရုံကြောဆိုင်ရာ ကျန်းမာရေးထိခိုက်မှုရှိနိုင်သဖြင့် ဆေးထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ပြည်တွင်း၌ ခွေးရူးရောဂါကာကွယ်ဆေး ထုတ်လုပ်နိုင်ပါက ပြည်ပမှ တင်သွင်းရမှု လျော့နည်းစေမည်ဖြစ်ပြီး ဆေးလိုအပ်အချိန်တွင် အချိန်မီ ပံ့ပိုးနိုင်မည်ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရာတွင် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့(WOAH) မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် အညီ ထုတ်လုပ်ရန်နှင့် ကာကွယ်ဆေးထုတ်လုပ်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ထည့်သွင်းစီမံရန် ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ် ဆေးသည် လူ့အသက်ပေါင်းများစွာ ကယ်တင်ပေးနိုင်သည့် အရေးပါဆုံးလုပ်ငန်းဖြစ်သည်နှင့် အညီ ဤလုပ်ငန်း ညှိနှိုင်း အစည်းအဝေး၌ ခွေးရူးရောဂါကာကွယ်ဆေး ထုတ်လုပ်ရာ၌ လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများ၊ အားသာချက်၊ အားနည်းချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြပါရန် မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းညှိနှိုင်းစည်းဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ခွေးရူးရောဂါကာကွယ်ဆေးထုတ်လုပ်ခဲ့မှု အခြေအနေနှင့် ခွေးရူးရောဂါကာကွယ်ဆေး အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများကို ရှင်းလင်း တင်ပြကြရာ တက်ရောက်လာသည့် ပညာရှင်များ၊ ကုမ္ပဏီများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ငင်းနောက် ဒုတိယဝန်ကြီးသည် ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (VMS)(နေပြည်တော်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတကာမှ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းပြည်ပ ငါးဖမ်း ငါးသယ်ရေယာဉ်များကို စောင့်ကြည့်ထိန်းချုပ် ထောက်လှမ်းနေမှု၊ မြန်မာ့ပင်လယ် ရေပြင်အတွင်း ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်နေမှုများကို ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး ငါးသယံဇာတမျိုးစိတ်များ ထိန်းသိမ်းရေး ၊ တရားမဝင် ငါးဖမ်းဆီးမှုများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် နို့စားနွားသရုပ်ပြနှင့် မျိုးဖြန့်ဖြူးရေးခြံ (နေပြည်တော်) တွင် နို့စားနွားများ မွေးမြူထားရှိမှုနှင့် ဒိန်ချဉ်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

---

မျက်နှာဖုံးမှ-

ချက်မှာ ပဲပုပ်စိုက်ပျိုးရေးမှသည် တန်ဖိုးမြှင့်ထုတ်ကုန် ဖြစ်သည့် စားသုံးဆီနှင့် ပဲပုပ်ဖတ်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင် တည်ဆောက်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ငင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းလုပ်ငန်းအစီအစဉ်များကို တင်ပြရာ အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက် လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရှင်များ၊ သုတေသီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

MOALI

www.agribiznews.com.mm
မှ ePaper များကိုရယူလိုက်ပါ

# ၂၀၂၅ ခုနှစ် နိုဝင်ဘာ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ၃ ကြိမ် ဖြစ်ပေါ်နိုင်ပြီး ၂ ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၂ ရက်ခန့် နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် ၃ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နိုဝင်ဘာ လ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၆ ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇ ပေခွဲမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၉ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါ မြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေခွဲမှ ၆ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၄ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၉ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၃ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင်၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm
agribiznews.com.mm

Agribiz
Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ၃၃ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော်၊ အောက်တိုဘာ ၂၆

စိုက်ပျိုးရေးတက္ကသိုလ်၏ ၃၃ ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်တိုဘာ ၂၆ ရက်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းရှိ အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က အမှာ စကားပြောကြားရာ၌ စိုက်ပျိုးရေးကဏ္ဍသည် မိမိတို့နိုင်ငံ၏ စီးပွားရေး မောင်းနှင်အားဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်မှုသည် အားလုံး ပါဝင်သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါကြောင်း၊ အလားတူ ပြည် သူအားလုံးအတွက် စားရေရိက္ခာဖူလုံရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် စားရေရိက္ခာများကို နိုင်ငံသားတိုင်း သင့်တင့်မျှတ သော ဈေးနှုန်းများ ဖြင့် ဝယ်ယူစားသုံးနိုင်စွမ်းရှိစေရေး အကောင်အထည်ဖော် ရာတွင် မိမိတို့ လေ့လာထားကြသော စိုက်ပျိုးရေး အသိပညာများဖြင့် ပါဝင် ကြောင်း၊

တောင်သူလယ်သမားများအပါအဝင် ပြည်သူလူထုအလွှာစုံနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံပြီး ဝန်ဆောင်မှုပေးကြရမည့် စိုက်ပျိုးရေး ပညာရှင်များ အနေဖြင့် မှန်ကန် သမာသမတ်ကျသော အတွေးအခေါ် အယူ အဆများရှိကြရမည် ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏ အကျိုးစီးပွါးနှင့် မိမိတစ်ဦးချင်း၏ အကျိုးစီးပွားကိုလည်း မျှမျှတတ စဉ်းစားလုပ်ဆောင် တတ်သော ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အရည်အချင်း ရှိကြရမည် ဖြစ်ပြီး အမိတက္ကသိုလ်တွင် သင်ယူလေ့လာခဲ့ကြရသည့် အသိပညာ အတတ်ပညာ များကို လက်တွေ့ လုပ်ငန်းများနှင့်ပေါင်းစပ်၍ ကြိုးပမ်းလုပ်ဆောင်ကြရန်



ဆောင်ရွက် ဖြည့်စွမ်းနိုင်ကြတော့မည့် မောင်တို့ မယ်တို့၏ အခန်းကဏ္ဍက အရေးကြီးပါကြောင်း၊

နိုင်ငံတော် က ဦးစားပေး ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးသီးနှံ များ၏ ထုတ်လုပ်နိုင် စွမ်းအားများ မြှင့်တင်ရန် မျိုး၊ မြေ၊ ရေ၊ နည်းပညာများ ကိုမှန်ကန်စေရေး၊ မြေဆီလွှာနှင့်ရေ အသုံးပြုမှုများ စနစ်တကျရှိစေရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေ ရေး၊ အစားအစာ သိပ္ပံနှင့်နည်းပညာများကတစ်ဆင့် တန်ဖိုးမြှင့် ထွက်ကုန်ပစ္စည်းများ ထုတ် လုပ်နိုင်ရေးတို့အတွက် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြစေ လိုကြောင်း၊

ထို့အပြင် Artificial Intelligence(AI) ဉာဏ်ရည်တု နည်းပညာ အပါအဝင် ခေတ်နှင့်လျော်ညီသော နည်းပညာရပ်များကိုလည်း အကျွမ်း တ ဝင်အသုံးပြုနိုင်ကြစေရန် စဉ်ဆက်မပြတ်လေ့လာကြပြီး သီးနှံအထွက်နှုန်း များ၊ မိုးလေဝသ ကြိုတင် ခန့်မှန်းချက်များ၊ တိကျသေချာသော စိုက် နည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေ ဩဇာ အသုံးပြုမှုများ စသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ တွင် အကျိုးရှိစွာ အသုံးပြုနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရန်ဖြစ်ပါ လိုကြောင်း၊ ထို့အတူ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိပြီး နိုင်ငံချစ် စိတ်၊ လူမျိုးချစ်စိတ်နှင့် စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာများ ကိန်းအောင်း၍ မြန်မာနိုင်ငံ၏ လယ်ယာ ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် မိမိတို့ ပါဝင်နိုင်သည့် အခန်းကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့် အဖြစ် ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ် မှ နောက်ဆုံးနှစ် အထိ တန်းစဉ်ပေါင်း အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများ အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် က စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၂၉၅ ဦး၊ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ရ ၄၄ ဦး၊ စိုက်ပျိုးရေး ပါရဂူဘွဲ့ရ ၉ ဦး၊ စိုက်ပျိုးရေး ဘွဲ့လွန် ဒီပလိုမာဘွဲ့ရ ၇ ဦး တို့အား ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့် ပေးအပ်ခဲ့ ကြောင်းသတင်းရရှိသည်။

MOALI




# အိန္ဒိယသို့အေးခဲထားသောထောပတ်သီး တန်ချိန် ၂၀၀ တင်ပို့ရန် မြန်မာနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဆွေးနွေး

**မြန်**မာနှင့် အိန္ဒိယနိုင်ငံအကြား ထောပတ်သီးတန်ဖိုးမြှင့် ထုတ်လုပ်မှု ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့တွင် MyanTrade အစည်းအဝေးခန်းမ၌ hybrid system ဖြင့် ကျင်းပခဲ့ပြီး Myan Trade မှ ညွှန်ကြားရေးမှူးချုပ်နှင့် ကုန်သွယ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ သက်ဆိုင်ရာအရာရှိများ၊ ကိုးလ်ကတ္တားနှင့် နယူးဒေလီမြို့ရှိ မြန်မာ့ စီးပွားရေး အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့သူများအသင်း၊ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုး ထုတ်လုပ် တင်ပို့သူများအသင်းမှ ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် Myan Trade မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်းက အိန္ဒိယသို့ အေးခဲထားသည့် ထောပတ်သီး တန်ချိန် ၂၀၀ တင်ပို့မှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုး ထုတ်လုပ် တင်ပို့သူများအသင်းမှ အိန္ဒိယသို့ နမူနာပေးပို့ခြင်းနှင့် ပတ်သက်၍ ထည့်သွင်း ပြောကြားခဲ့သည်။ ထို့ပြင် ထောပတ်သီး တင်ပို့မှုကို လွယ်ကူချောမွေ့စေရန် လိုအပ်သော အကူအညီများ ပေးအပ်ရန် အိန္ဒိယနိုင်ငံအား တောင်းဆို ထားပြီး မြန်မာနိုင်ငံတွင် ထောပတ်သီး ပြုပြင် ထုတ်လုပ်သည့် စက်ရုံ အသစ်တစ်ခု တည်ဆောက် ရာတွင် အိန္ဒိယနိုင်ငံ အား ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်ထားသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထုတ်လုပ်သော ထောပတ်သီး၏ အရည်အသွေးနှင့် ထောပတ်သီးထွက်ရှိမှုကို အိန္ဒိယနိုင်ငံသို့ အစီရင်ခံတင်ပြခြင်းနှင့် မြန်မာနိုင်ငံတွင် ထောပတ်သီး တန်ဖိုးမြှင့်ထုတ်လုပ်မှုတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန် အွန်လိုင်း အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။

Hassı Buccaneer နှင့် Amaya ကဲ့သို့သော ထောပတ်သီးမျိုးများကို ပြည်တွင်းတွင် ပိုလျှံသည့်အပြင် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။ နိုင်ငံတစ်ဝန်းတွင် Hass ထောပတ်သီးမျိုး စိုက်ပျိုးထားသည့်ဧက ၂၀,၀၀၀ ခန့်ရှိသည်။ ပြီးခဲ့သည့်နှစ်က ထောပတ်သီး ထွက်ရှိမှုကို တန်ချိန် ၃,၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်တွင် အထွက်နှုန်းတိုးတက်လာမည်ဟု မျှော်မှန်းထားသည်။ ထို့အပြင် စိုက်ပျိုးရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံထောပတ်သီးထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MAVO) တို့ သည် တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့နိုင်ရန်အတွက် မှတ်ပုံတင်ရန် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ စိုက်ပျိုးရေးဦးစီးဌာနသည် မြန်မာနိုင်ငံ ထောပတ်သီးထုတ်လုပ်သူနှင့်ပို့ကုန်လုပ်ငန်းရှင်များ အသင်း (MAVO) နှင့် ပူးပေါင်း၍ GACC ၏အကောက်ခွန် စစ်ဆေးခြင်းနှင့် ဘေး အန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းများ အကြောင်း အသိပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ထောပတ်သီး စိုက်ပျိုးသူများအတွက် ကျင်းပခဲ့သည်။

တရုတ်နိုင်ငံသို့ ထောပတ်သီး တင်ပို့ရန်အတွက် ထောပတ်ခြံပိုင်ရှင်များသည် အတွေ့ရများ သောဖျက်ပိုး ခြောက်မျိုးကို စမ်းသပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း MAVO အတွင်း ရေးမှူး ဦးကျော်စိုးမင်းက ပြောကြားခဲ့သည်။

MAVO ၏ ဥက္ကဋ္ဌသည် တောင်သူလယ်သမားအများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့ပြီး ယခု ရာသီတွင် ထောပတ်သီးတင်ပို့ရန် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ကို မျှော်မှန်းထားသည်။ အဖွဲ့အနေဖြင့် စိုက်ပျိုးသူ အဖွဲ့ဝင်များနှင့်အတူ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ တင်သွင်းမှုကို အရှိန်မြှင့်တင်၍ ကူညီပေးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အကြီးအကဲက နှစ်စဉ်ထောပတ်သီး တင်ပို့မှု၊ တရုတ်၊ အိန္ဒိယ၊ ရုရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများကဲ့သို့ အလားအလာရှိသော ဈေးကွက်များ၏ ထောပတ်သီးတင်သွင်းမှု အခြေအနေများနှင့် ဥရောပစံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံ၏ ထောပတ်သီး အရည်အသွေး လိုအပ်ချက်များကိုလည်း ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.gnlmcom.mm/mtpo-discusses-exportation-of-200-tonnes-of-frozen-avocado-to-india-this-season/#article-title

# မြန်မာ့ရော်ဘာ တစ်ဧကအထွက်နှုန်း ပေါင် ၁,၀၀၀ အထက်သို့ မြှင့်တင်ရန် စတင်ဆောင်ရွက်



**စိုက်**ပျိုးရေး ဦးစီးဌာနလက်အောက်ရှိ နှစ်ရှည်သီးနှံဌာနခွဲ (ရုံးချုပ်)မှ စက်မှုကုန်ကြမ်း သီးနှံတစ်ခုဖြစ်သော ရော်ဘာ ထုတ်လုပ်မှုအထွက်နှုန်းကို တစ်ဧကလျှင် ပေါင် ၁,၀၀၀ ကျော် အထိမြှင့်တင်ရန် ပန်းတိုင်အထွက်နှုန်းအဖြစ် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည်။

တစ်ဧကလျှင် ပေါင် ၁,၀၀၀ ကျော် ထွက်ရှိရေး ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စုစုပေါင်းရော်ဘာ ထုတ်လုပ်မှုနှင့် တင်ပို့မှုကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ ပို့ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာတစ်ဘီလီယံခန့် ရရှိလာနိုင်ကြောင်း သိရသည်။

နှစ်ရှည်သီးနှံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက "ရော်ဘာထုတ်လုပ်မှု တိုးမြှင့်နိုင်ရန် လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူတောင်သူများ လက်တွေ့ကျကျဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုတေသန ပြု၍ ချမှတ်ထားပါသည်။ ကမ္ဘာ့ရော်ဘာဈေးကွက်အတွင်း ပိုမိုကြီးမားသော ရှယ်ယာများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထုတ်လုပ်မှုပမာဏ မြှင့်တင်နိုင်ရန် အတွက် ရော်ဘာခြံအိုများရှိ သက်တမ်းရင့် ရော်ဘာပင် အဟောင်းများကို အစားထိုးပြီး ပြန်လည် စိုက်ပျိုးမည့်အပင်အသစ်၊ အရည်အသွေးမြင့်၊ မျိုးသန့်ရော်ဘာမျိုးများ ပြန်လည်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကို ပိုမိုမြှင့်တင် နိုင်မည်ဖြစ်သည်။ ထိုသို့ အရည်အသွေးမြင့် မျိုး သန့် ရော် ဘာ မျိုး များ ကို စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည် သီးနှံဌာနခွဲလက်အောက်ရှိ မျိုးပွားခြံများမှသာမက လိုင်စင်ရ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သူများထံမှ လည်း ရယူနိုင်ကြောင်း" ရှင်းပြခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ရာဘာခြံများ၏ ပျမ်းမျှထွက်နှုန်းမှာ တစ်ဧကလျှင် ၇၂၇ ဒသမ ၄၈ ပေါင် ထွက်ရှိခဲ့သည်။ ယခု ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရော်ဘာစိုက်ဧက စုစုပေါင်း ၁ ဒသမ ၅ သန်း ကျော်ရှိပြီး ၎င်းတို့သည် အဓိကအား ဖြင့် တနင်္သာရီနှင့် ပဲခူးတိုင်းဒေသကြီးများနှင့် မွန်၊ ကရင်၊ ရှမ်းပြည်နယ်များတွင် စိုက်ပျိုးထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏ ရော်ဘာတင်ပို့မှု၏ ၇၅ ရာခိုင် နှုန်းခန့်သည် တရုတ်နိုင်ငံသို့ တင်ပို့ပြီး အခြားတင်ပို့သည့်နိုင်ငံများမှာ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများ ပါဝင်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

# အိန္ဒိယနိုင်ငံ Chittoor ခရိုင်ရှိ သရက်စိုက်တောင်သူများအား ဒေါ်လာ ၁၇ ဒသမ ၆ သန်း ထောက်ပံ့

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ် ပြည်နယ်၊ Chittoor ခရိုင်ရှိ သရက်စိုက်တောင်သူ ၃၁,၉၂၉ ၏ ဘဏ်စာရင်းသို့ ရူပီး ၁၄၆ ဒသမ ၈၄ ကုဋေ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ သန်း) တိုက်ရိုက်အကျိုးခံစားခွင့်ငွေလွှဲမှု (DBT) စနစ်ဖြင့် လွှဲပြောင်းပေးခဲ့သည်။ ထိုထောက်ပံ့ငွေများသည် ယခုရာသီတွင် ထွက်ရှိသော သရက်သီး မက်ထရစ်တန် ၃ ဒသမ ၆၇ သိန်း အတွက်ဖြစ်ကြောင်း ခရိုင် အုပ်ချုပ်ရေးမှူး Sumit Kumar က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကြေညာခဲ့ပါသည်။ ခရိုင် ဥယျာဉ်ခြံအရာရှိ Madhusudan Reddy လည်း တက်ရောက်ခဲ့သည်။

ပြည်နယ်အစိုးရ၏ဆုံးဖြတ်ချက်အရ သရက်စိုက်တောင်သူများအား တစ်ကီလိုလျှင် ၄ ရူပီး ဖြင့် ရူပီး ၁၄၆ ဒသမ ၈၄ ကုဋေ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၆ သန်း) ကို အ ရ ည် အ ချ င်း ပြ ည့် မီ သော တောင်သူ ၃၁၉၂၉ ဦး၏ စာရင်းတွင် ထည့်သွင်းထားကြောင်း၊ အများဆုံး ငွေထုတ်ချေးမှုကို Bangarupalem mandal တွင် ထုတ်ချေးထားကြောင်း Kumar က ဆိုပါသည်။ တမီလ်နာဒူးနှင့် ကာနာတာကာ နှင့် မတူဘဲ အန်ဒရာပရာဒတ်ရှ်ပြည်နယ်သည် သရက်သီးစိုက်ပျိုးသူများအတွက် ထောက်ပံ့ကြေးနှင့် အနိမ့်ဆုံး အာမခံဈေးနှုန်းနှစ်ခုလုံးကို ပေးဆောင်သည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်ကြောင်း၊ ၎င်းတို့ဘက်က ရပ်တည်ပေးသော နိုင်ငံတော်အစိုးရကို သရက်စိုက် တောင်သူများ ကိုယ်စား ကျေးဇူးတင်ရှိကြောင်း ၎င်းက ပြောသည်။

ထောက်ပံ့ကြေးအတွက် အရည်အချင်းပြည့်မီမှုကို e-Crop ကြိုတင်စာရင်းသွင်းခြင်းနှင့် ကွင်းဆင်း စစ်ဆေးခြင်းများမှတစ်ဆင့် စစ်ဆေးကြောင်း၊ ပေးချေမှုမရသေးသော်လည်း အရည် အချင်းပြည့်မီသော လယ်သမားများသည် မကျေနပ်ချက်များကို အောက်တိုဘာ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး Rythu Seva Kendras (RSKs) သို့မဟုတ် မြို့နယ်နှင့် ခရိုင်စိုက် ပျိုးရေး တာဝန်ရှိသူများထံ တင်ပြနိုင်ကြောင်း၊ ၎င်းတို့၏ အရည်အချင်းပြည့်မီမှုကို ၄၈ နာရီအတွင်း စိစစ်သွားမည်ဖြစ်ကြောင်း Kumar က ဆိုသည်။

လယ်သမား ၂၁ ဦးသည် တစ်ဦးလျှင် ရူပီး ၅ သိန်း (အမေရိကန်ဒေါ်လာ ၆,၀၀၀) ထက် ကျော်လွန်၍ ထောက်ပံ့ကြေးများရရှိနိုင်ပြီး ၎င်းတို့ကိစ္စများကို အပြီးသတ်မထုတ်ပေးမီ ပြန်လည် သုံးသပ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထောက်ပံ့ကြေးငွေပေးချေမှုသည် ရိတ်သိမ်းရာသီအတွင်း တိုက်ရိုက်ပေးချေမှုနှင့် ဈေးကွက်ဈေးနှုန်းဆိုင်ရာ စည်းမျဉ်းများမှတစ်ဆင့် လယ်ယာလုပ်ငန်းဝင်ငွေတည်ငြိမ်စေရန် နိုင်ငံတော်၏ ကျယ်ပြန့်သော မူဝါဒ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရှိရသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9774887/india-transfers-17-6-million-mango-subsidies-to-chittoor-farmers/



# ဂျပန်နိုင်ငံတွင် မတ်ဆူတာကီမှို ခူးဆွတ်မှုကျဆင်း၍ တင်သွင်းမှုကို အားထားနေရ

မြေအိုးထဲတွင် ထမင်းနှင့်ရောနှော၍ ပေါင်းလေ့ရှိသော မတ်ဆူတာကီမှိုသည် ဂျပန်နိုင်ငံ၏ ရိုးရာဆောင်းဦးရာသီ အစားအစာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသော်လည်း ပြည်တွင်း ထုတ်လုပ်မှုမှာ ဆက်လက်ကျဆင်းလာကာ တင်သွင်းကုန်များအပေါ် မှီခိုမှု မြင့်တက်လာနေသည်။ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ စာရင်းဇယားများအရ ဂျပန်နိုင်ငံ၏ နှစ်စဉ်မတ်ဆူတာကီမှိုထုတ်လုပ်မှုသည် ၁၉၄၁ ခုနှစ်တွင် တန်ချိန် ၁၂,၀၀၀ ဖြင့် အမြင့်ဆုံးရှိခဲ့ပြီး ၁၉၆၀ ခုနှစ်သို့ ရောက်ရှိချိန်တွင် တန်ချိန် ၃,၅၀၀ အထိ ကျဆင်းသွားခဲ့သည်။ ဤကျဆင်းမှုသည် သစ်တောများနှင့် လယ်ယာမြေများကြားရှိ ကျေးလက်ဒေသများ (Satoyama) ဆုံးရှုံးမှု ပိုးမွှား များကြောင့် ပျက်စီးမှုနှင့် ဤလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်သည့် လူငယ်လုပ်သားအင်အား နည်းပါးမှုတို့ကြောင့် ဖြစ်သည်ဟု သိရသည်။

မကြာသေးမီနှစ်များဖြစ်သော ၂၀၁၀ ခုနှစ်၌ တန်ချိန် ၁၄၀ ထွက်ရှိခဲ့သည်မှလွဲ၍ ပြည်တွင်း ရိတ်သိမ်းမှုများသည် တန်ချိန် ၁၀၀ အောက်သာ ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ထုတ်လုပ်မှု သည် တန်ချိန် ၁၄ အထိ ကျဆင်းသွားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၄၅ အထိ ရှိမည်ဟု ခန့်မှန်းရသည်။ အဓိကထုတ်လုပ်သည့် ဒေသများမှာ နာဂနိုနှင့် အီဝတဲခရိုင်များ ဖြစ်ကြသည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၏ စုစုပေါင်း မတ်ဆူတာကီမှိုလိုအပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို တင်သွင်းနေရခြင်းဖြစ်သည်။ ဤတင်သွင်းမှုများ၏ (၆၀) ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှ ရရှိပြီး ကျန်ပမာဏကို အမေရိကန်နှင့် ကနေဒါနိုင်ငံများမှ ထပ်မံတင်သွင်းနေရသည်။

စိုက်ပျိုးရေးနည်းပညာများ မပြည့်စုံသေးသောကြောင့် မတ်ဆူတာကီမှိုများကို သဘာဝအလျောက် ပေါက်ရောက်သည်ကို ဆက်လက်ခူးယူစုဆောင်းနေရဆဲဖြစ်သည်။ ဤကဲ့သို့ ရှားပါးမှု ကြောင့် ဆောင်းဦးရာသီကာလအတွင်း ၎င်းတို့၏ ဈေးနှုန်းများ မြင့်မားနေရခြင်းဖြစ်သည်။ ပြည် တွင်းထုတ် မတ်ဆူတာကီမှိုများ၏ ဈေးနှုန်းမှာ ၁၀၀ ဂရမ်လျှင် အမေရိကန်ဒေါ်လာ (၃၃-၆၆) ကြားရှိပြီး တင်သွင်းကုန် မတ်ဆူတာကီမှိုများမှာမူ ၁၀၀ ဂရမ်လျှင် အမေရိကန်ဒေါ်လာ (၆ ဒသမ ၆၀ -၂၀) ကြားသာ ရှိတတ်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9775053/japan-relies-on-imports-as-matsutake-harvests-decline/





## ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း ပါအိုလိုကြောင့် ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံး

ဖိလစ်ပိုင်နိုင်ငံ Cagayan Valley ဒေသတွင် တိုင်ဖုန်းမုန်တိုင်း ပါအိုလို (အပြည်ပြည် ဆိုင်ရာအမည် Matmo) ကြောင့် လယ်ယာသီးနှံများ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဖိလစ်ပိုင်ပီဆို ၁၆၂ ဒသမ ၅၁ သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ သန်း) ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန-သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာ (DA-DRRM) က ထုတ်ပြန်ကြေညာသည်။

ဤသဘာဝဘေးဒဏ်ကြောင့် လယ်သမား ၃,၈၉၀ ဦး အား ထိခိုက်ခဲ့ပြီး ဟက်တာ ၅,၁၈၁ မှ ထုတ်လုပ်မှု ကုန်တန်ချိန် ၉,၀၃၉ တန် ဆုံးရှုံးခဲ့ရသည်။ ယင်းတွင် ဆန်၊ ပြောင်းနှင့် တန်ဖိုးမြင့်သီးနှံများပါဝင်ကြောင်း သိရသည်။

တန်ဖိုးမြင့် သီးနှံများသည် ဆုံးရှုံးမှု အများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး၊ ဟင်းသီးဟင်းရွက်များနှင့် ငှက်ပျောတန်ချိန် ၁,၇၁၀ တန် ဆုံးရှုံးခဲ့ရကာ ၎င်း၏တန်ဖိုးမှာ ဖိလစ်ပိုင်ပီဆို ၈၅ ဒသမ ၁၆ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း) ဖြစ်သည်။ ပြောင်းသီးနှံဆုံးရှုံးမှုမှာ တန်ချိန် ၁,၀၈၂ တန်ရှိပြီး တန်ဖိုးအားဖြင့် ဖိလစ်ပိုင်ပီဆို ၁၁ ဒသမ ၁၈ သန်း (အမေရိကန်ဒေါ်လာ ၁၉၇,၀၀၀) ဖြစ်သည်။ လက်တွေ့မြေပြင်စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင် လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန (DA) ကမူ ယခင်က အခြားသဘာဝဘေး အခြေအနေများကြောင့် ဖြစ်ပေါ်ခဲ့သည့် သီးနှံပျက်စီးမှုများကိုလည်း မှတ်တမ်းတင်ထားသည်။

အနောက်တောင်မုတ်သုံ ရာသီနှင့် အပူပိုင်းမုန်တိုင်းများဖြစ်သော မိရာဆော၊ နန်ဒိုနှင့် အိုပေါင်တို့၏ ပေါင်းစပ်သက်ရောက်မှု များကြောင့် ဖိလစ်ပိုင်ပီဆို ၂ ဒသမ ၅၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁ သန်း) မျှ ဆုံးရှုံးခဲ့ရပြီး လယ်သမား ၈၅,၀၀၀ ကျော် ထိခိုက်ခဲ့ရသည်။ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသော ပံ့ပိုးကူညီမှုများတွင် စပါးနှင့် ပြောင်းကဲ့သို့ သော တန်ဖိုးမြင့်သီးနှံများအတွက် ဖိလစ်ပိုင်ပီဆို ၇၆၆ ဒသမ ၄၂ သန်း (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ သန်း) တန်ဖိုးရှိသော စိုက်ပျိုးရေးဆိုင်ရာ ပံ့ပိုးပစ္စည်းများ(မျိုးစေ့၊ ဓာတ်မြေဩဇာ စသည်) ထောက်ပံ့ခြင်း။ လယ်သမားတစ်ဦးလျှင် ဖိလစ်ပိုင် ပီဆို ၂၅,၀၀၀ (အမေရိကန် ဒေါ်လာ ၄၃၉) အထိ သုံးနှစ် အရစ်ကျ ပေးဆောင်ရသော အတိုးမဲ့ချေးငွေ ထုတ်ပေးခြင်း၊ ဖိလစ်ပိုင် သီးနှံအာမခံကော်ပိုရေးရှင်းမှတစ်ဆင့် ဖိလစ်ပိုင် ပီဆို ၂၃၇ သန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆ သန်း) တန်သော အာမခံကြေး ပြန်လည်ပေးချေမှုများ ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာန(DA)သည် Kadiwa Centers (ကဒီဝါစင်တာ)များကို လှုပ်ရှားအသက်သွင်း၍ ဆန်ကို ၁ ကီလိုဂရမ်လျှင် ဖိလစ်ပိုင် ပီဆို ၂၀ (အမေရိကန်ဒေါ်လာ သုညဒသမ ၃၅) ဖြင့် ရောင်းချရန် ကြေညာ ခဲ့ပြီး အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့၏ သိုလှောင်ထားရှိသောအရန်ဆန်များကို ထုတ် ရောင်းရန်လည်း ကြေညာခဲ့ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9773176/typhoon-paolo-damages-banana-and-vegetable-crops-in-philippines/

## အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသော သစ်သီးဝလံများကို ကမ္ဘောဒီးယားက တရုတ်သို့ တင်ပို့မှု စတင်

ကမ္ဘောဒီးယားနိုင်ငံသည် အစား အသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန် စံညွှန်း (SPS) ကို အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နာနတ်သီး၊ ပိန္နဲသီးနှင့် သရက်သီးများကို တရုတ်နိုင်ငံသို့ တင်ပို့မည်ဟု စီစဉ်ထားကြောင်း သိရသည်။ ဤလုပ်ဆောင်ချက် သည် နိုင်ငံနှစ်ခုအကြား ကိုက်ညီမှုဖြင့် စိုက်ပျိုးရေး ထုတ်ကုန်များ ရောင်းဝယ်ဖောက်ကားမှု ကျယ်ပြန့်တည်ငြိမ်စေရေးနှင့် တင်ပို့ရေးလုပ်ငန်းစဉ်များ ချောမွေ့စေရေးအား ထုတ်မှုများ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ် သည်။



ကမ္ဘောဒီးယား စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ဝန်ကြီး Dith Tina နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (GACC) မှ ဝန်ကြီး Sun Meijun တို့ ဆွေးနွေးမှုအပြီးတွင် ဤကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲကို ရှန်ဟိုင်းမြို့တွင် စက်တင်ဘာ ၁၄ နှင့် ၁၅ ရက်နေ့များက ကျင်းပခဲ့သော "တရုတ်-ကမ္ဘောဒီးယား Belt and Road ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအဖွဲ့ဝင် နိုင်ငံများ ပို့ကုန် သွင်းကုန် အစားအစာဘေးကင်းရေး ယန္တရားဆိုင်ရာ ဒုတိယအကြိမ်ညီလာခံ" အတွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်စလုံးသည် နာနတ်သီး၊ပိန္နဲသီးနှင့် သရက်သီး အပါအဝင် စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့နိုင်ရန်အတွက် SPS ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။ ဤလုပ်ဆောင်ချက်များသည် ကမ္ဘောဒီးယားထွက်ကုန်ပစ္စည်းများကို တရုတ်၏ သွင်းကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်၊ အစားအစာဘေးကင်းမှုနှင့် အရည်အသွေးတို့တွင် ကိုက်ညီသေချာစေရန် ရည်ရွယ်ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနသည် တင်ပို့ရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် လယ် သမားများနှင့် ထုတ်လုပ်ရေးကုမ္ပဏီများအား စိုက်ပျိုးရေးဆိုင်ရာအကျင့်ကောင်းများ (GAP) နှင့် ထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများ (GMP) တို့ကို အသုံးပြုရန် တိုက်တွန်းထားသည်။ အရာရှိများက ဤနည်းလမ်းများ အကောင်အထည်ဖော်ခြင်းဖြင့် တရုတ်၏ ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရန်နှင့် ကမ္ဘောဒီးယား သစ်သီးဝလံများအတွက် ဈေးကွက်ဝင်ရောက်ခွင့် မြှင့်တင်ရန် ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၂ သန်းခန့် ကို ဈေးကွက် ၉၅ ခုသို့ တင်ပို့ခဲ့ရာ၊ ၎င်း၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅ ဒသမ

စာ-၉ သို့

မြန်မာ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များလေ့လာခြင်း - အပိုင်း ၁

# မြန်မာ့မွေးမြူကဏ္ဍ

## ထုတ်လုပ်နိုင်စွမ်းမြှင့်တင်ရန်နှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးမြှင့်တည်ဆောက်ရန် အချိန်ရောက်ပြီ

ရဲထွန်းဝင်း



မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် တိရစ္ဆာန်အရင်း အမြစ်ကြွယ်ဝပြီး တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေး အတွက် အခြေခံကောင်းများတည်ရှိပါသည်။ သင့်တင့်သော ရာသီဥတု၊ နေရာအကျယ်အဝန်း၊ မွေးမြူရေးအခြေခံများ၊ တိရစ္ဆာန်အစာကုန်ကြမ်းများ ပေါများကြွယ်ဝခြင်းနှင့် ဈေးကွက်အသင့် တည်ရှိပါသည်။ မျိုး၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု နှင့် မူဝါဒအခြေခံများ ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်ပဈေးကွက် ထိုးဖောက်နိုင်သော အခြေ အနေ ရှိပါသည်။ မွေးမြူရေးမှသည် နိုင်ငံအတွက် အစားအစာလုံခြုံရေးနှင့် ပြည့်စုံလုံလောက်မှုတို့အပြင် ကျေးလက်လူမှုစီးပွား အခြေခံကိုပါ မြှင့်တင်ပေးနိုင်သည့် အခြေအနေရှိပါသည်။ ပိုလျှံသည်ကို ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် သေချာသည့်ဝင်ငွေ ရရှိစေမည်ဖြစ်ပါသည်။ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ စံချိန်မီ ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်လိုအပ်ချက်နှင့်အညီ ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံဝင်ငွေရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် အလိုအပ်ဆုံး အချိန်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

လက်ရှိမွေးမြူရေးထွက်ကုန်များ ပြည်ပတင်ပို့ခြင်းလုပ်ငန်းကို ဆောင်ရွက်နေသော အိမ်နီးချင်းထိုင်းနိုင်ငံနှင့် မြန်မာ နိုင်ငံအား မူဝါဒအခြေခံအားဖြင့် နှိုင်းယှဉ် လေ့လာကြည့်သောအခါ အောက်ပါအချက်များ သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင် မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ စနစ်တကျ စီမံရေးဆွဲမှုများရှိပါသည်။ သို့သော်လည်း တိရစ္ဆာန်စောင့်ရှောက်မှု၊ ဆေးဝါးထိန်းချုပ်မှုနှင့် နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှုစနစ်များတွင် ထိုင်းနိုင်ငံသည် ပိုမိုပြည့်စုံပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ထိုင်းနိုင်ငံတွင် "တိရစ္ဆာန်ညှင်းပန်းနှိပ်စက်မှုတားဆီးရေးနှင့် တိရစ္ဆာန်စောင့်ရှောက်မှု ဥပဒေ" များရှိပြီး ပြည်ပတင်ပို့ခြင်းဆိုင်ရာစစ်ဆေးချက်နှင့် နိုင်ငံတကာ ဈေးကွက်ဝင်ရောက်မှုအတွက် လိုအပ်ချက်များကို စနစ်တကျ ထိန်းချုပ်ထားပါသည်။

မြန်မာနိုင်ငံသည် မွေးမြူခြံများကို မှတ်ပုံတင်စနစ်ဆောင်ရွက်နေသော်လည်း ထုတ်လုပ်မှုနည်းပါးခြင်း၊ ကူးစက်ရောဂါများကာကွယ်ထိန်းချုပ်ခြင်းနှင့် ဈေးကွက်ဝင်ရောက်မှုအကန့်အသတ်များကြောင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ခြင်းနှင့် နိုင်ငံတကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုတို့တွင် အားနည်းနေ ဆဲဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တိရစ္ဆာန်စောင့်ရှောက်မှုဥပဒေများကို ပြည့်စုံအောင် ဖြည့်ဆည်းရန်နှင့် နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှုအတွက် လုပ်ထုံးလုပ်နည်းများ စနစ်တကျ ဆောင်ရွက်ရန် အရေးကြီးပါသည်။

### အသားကဏ္ဍ ပြည်ပတင်ပို့မှု

ထိုင်းနိုင်ငံသည် ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်း နှင့် တိရစ္ဆာန်အစာ တင်ပို့ရောင်းချမှု ၂၀၂၃ ခုနှစ်တွင် ၈ ဒသမ ၈၈ ဘီလီယမ် USD တန်ဖိုး တင်ပို့နိုင်ပါသည်။ ထိုအထဲတွင် တိရစ္ဆာန်အစာ ၃၈ ရာခိုင်နှုန်း ပါဝင်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် ပြည်ပသို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ၁၈ ဒသမ ၈ မီလီယမ် USD နှင့် ၂၀၂၄ ခုနှစ်တွင် တိရစ္ဆာန်အစာ ၇၀ ဒသမ ၈၂ မီလီယံ USD တင်ပို့နိုင်ခဲ့ပါသည်။

### တိရစ္ဆာန် အရင်းအမြစ်တည်ရှိမှု

ထိုင်းနိုင်ငံ တွင် ၂၀၂၀ ခုနှစ် စစ်တမ်းအရ ကျွဲ-နွား ၄ ဒသမ ၅ သန်း ၊ သိုး-ဆိတ် ၂ ဒသမ ၂ သန်း၊ ဝက် ၆ ဒသမ ၇ သန်း ၊ ကြက် ၃၇၇ ဒသမ ၅ သန်း ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၀-၂၁ ခုနှစ် စစ်တမ်းအရ ကျွဲ-နွား ၁၀ ဒသမ ၃ သန်း ၊ သိုး-ဆိတ် ၂ ဒသမ ၅ သန်း၊ ဝက် ၅ ဒသမ ၁ သန်း ၊ ကြက် ၈၆ ဒသမ ၈ သန်း ရှိပါသည်။

### တိရစ္ဆာန်ကာကွယ်စောင့်ရှောက်မှု နှင့် ကျင့်ဝတ်

ဥပဒေ ပြဋ္ဌာန်းချက်များ -

ထိုင်းနိုင်ငံတွင် တိရစ္ဆာန်ညှင်းပန်းမှုတားဆီးရေးနှင့် တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး ဥပဒေ (၂၀၁၄) - ပြဋ္ဌာန်းပြီး အရေးယူဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင်တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ဥပဒေရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေ / အမိန့်ညွှန်ကြားချက် (Develop a comprehensive Animal Welfare Act) များကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ သတ်မှတ်ချက်နှင့်အညီ-အဆင့်မီ အဆောက်အဦးစနစ်ထားရှိခြင်း၊ အန္တရာယ်ကင်းစွာသယ်ဆောင်ခြင်း၊ နှိပ်စက်ညှင်းပန်းမှု တားဆီးခြင်းများအတွက် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

### အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ထိုင်းနိုင်ငံတွင် တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ စစ်ဆေးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ စနစ်တကျကြီးကြပ်ဆောင် ရွက်ပါ သည်။ မြန်မာနိုင်ငံတွင်တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစနစ်များကို ပညာပေးမှု အားနည်းပါသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ မွေးမြူရေးသမားများ အသိပညာပေးအစီအစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရန်လိုအပ်ပါသည်။

### တိရစ္ဆာန်ဆေးဝါးနှင့် တိရစ္ဆာန်အစာ ဆိုင်ရာ ညွှန်ကြားချက်များ

**တိရစ္ဆာန်ဆေးဝါး**

ထိုင်းနိုင်ငံတွင် တိရစ္ဆာန်ဆေးဝါးများကို FDA တွင် မှတ်ပုံတင်ရပါသည်- အသေးစိတ် စစ်ဆေးပြီးမှ အတည်ပြုပါသည်။ စနစ်တကျ ခိုင်မာစွာစီမံဆောင်ရွက်ထားပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၅ တွင် တိရစ္ဆာန်ဆေးဝါး မှတ်ပုံတင်ခြင်းစနစ် စတင်နိုင်ရေးထုတ်ပြန် ထားပါသည်။ လုပ်ငန်းများ စတင်ဆောင် ရွက်ဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကောင်းမွန်သောထုတ်လုပ်မှုစနစ် GMP၊ ကောင်းမွန်သောသန့်ရှင်းမှုစနစ် GHP၊ တရား မဝင်ဆေးဝါးများ တင်သွင်း/ ထုတ်လုပ်/ ရောင်းဝယ်မှုများအား စနစ်တကျကြီးကြပ်ပြီး ထိရောက်စွာ အရေးယူ ဆောင်ရွက်ရန်လိုအပ်ပါသည်။

စာ-၉ သို့

စာ-၈ မှ

**တိရစ္ဆာန်အစာ**

ထိုင်းနိုင်ငံတွင် ညွှန်ကြားချက်များပြည့်စုံစွာ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ မွေးမြူရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန (Department of Livestock Development- DLD) မှ စနစ်တကျ ကြီးကြပ် စစ်ဆေးပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်တွင် ညွှန်ကြားချက် ထုတ်ပြန်ထားပါသည်။ စစ်ဆေးမှုများ ဆောင်ရွက်ဆဲဖြစ်ပါသည်။ အစာလုံခြုံစိတ်ချမှုနှင့် အမှတ်တံဆိပ်တပ်ဆင်မှုအပေါ် ကြီးကြပ်ရန် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အစာအရည်အသွေးစစ်ဆေးမှုကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကုန်အမှတ် တံဆိပ်တပ်ဆင်ခြင်း စနစ်နှင့် ကုန်ပစ္စည်း ထုတ်လုပ်ခြင်း တို့တွင် စနစ်တကျ ကြီးကြပ်ရန် လိုအပ်ပါသည်။

ရောဂါကာကွယ်ထိန်းချုပ်ခြင်း နှင့် နယ်စပ်ဖြတ်ကျော်ရောဂါများ

ရောဂါကာကွယ်ထိန်းချုပ်ခြင်း

ထိုင်းနိုင်ငံတွင် ဇုန်သတ် မှတ်ခြင်း၊ တိရစ္ဆာန်သွားလာ/သယ် ယူမှု ထိန်းချုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်း၊ ဇီဝလုံခြုံရေးလုပ်ငန်းစဉ်များ သတ်မှတ်ချက်များနှင့်အညီ ထိရောက်ကျယ်ပြန့် စွာ အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် ဇုန်သတ်မှတ်ခြင်း၊ တိရစ္ဆာန်သွားလာ/ သယ်ယူမှုထိန်းချုပ်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်း၊ ဇီဝလုံခြုံရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။



မြန်မာနိုင်ငံတွင် လက်တွေ့ ကျသောဇီဝလုံခြုံရေးသတ်မှတ်ချက်၊ ဓာတ်ခွဲခန်းအဆင့်မြှင့်ခြင်း၊ ခိုင်မာထိ ရောက်သောကာကွယ်ဆေးထိုးစနစ်၊ လုံခြုံစိတ်ချသော တိရစ္ဆာန်သယ်ယူမှုစနစ်၊ နိုင်ငံအနှံ့ တိကျစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရဲထွန်းဝင်း

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး တွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်း မပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံ တစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆိုသက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲ စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါကတည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရား ရုံး ၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

စာ-၇ မှ

၂ ဘီလီယံကျော် ရှိပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန် ပြည်ထောင်စု၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ကဲ့သို့ပင် ကမ္ဘောဒီးယား သစ်သီးဝလံများ၏ အဓိကတင်ပို့ရာနိုင်ငံများထဲမှ တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။

စိုက်ပျိုးရေးဝန်ကြီးဌာနက အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်း (SPS) သဘောတူညီချက် မဟာဗျူဟာလုပ်ငန်းစဉ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုသည် ကမ္ဘောဒီးယား၏ နာနတ်သီး၊ ပိန္နဲသီးနှင့် သရက်သီးများအတွက် ကြိုတင်ခန့်မှန်းနိုင်သော ဈေးကွက် ဝင်ရောက်မှုကို အထောက်အကူပြုရုံသာမက ထုတ်လုပ်သူများ၊ တင်ပို့သူများနှင့် စည်းမျဉ်းထိန်း သိမ်းရေး အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်ပေးလိမ့်မည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.freshplaza.com/asia/article/9777752/cambodia-to-start-sps-approved-fruit-exports-to-china/

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၃၅)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၁၁)အဆက်

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

(ယခင်အပတ်မှအဆက်)

## ဂုဏ်ထူးဆောင်ပါမောက္ခများ/ဂုဏ်ထူးဆောင်သုတေသနပညာရှင်များ (Professors/Researchers/Emeritus for Agriculture)

ကမ္ဘာ့အကောင်းဆုံးစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်အချို့မှ
ဂုဏ်ထူးဆောင်ပါမောက္ခများ

(က) အမေရိကန်နိုင်ငံ

(က-၁) လယ်ယာသီးနှံ ဂုဏ်ထူးဆောင်ပါမောက္ခ ကင်းနက်စ်ကပ်မန်း၊ နီဘရားစကား တက္ကသိုလ် (Emeritus Professor of Agronomy, Prof. Kenneth G. Cassman – University of Nebraska–Lincoln, USA)
အထူးပြုဘာသာ - သီးနှံဂေဟဗေဒ၊ နိုက်တြိုဂျင်စီမံခန့်ခွဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု
(Known for research on crop ecology, nitrogen management, and global food security)

(က-၂) ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါနာဘ်စပတ်စ်၊ ဒီလာဝဲယားတက္ကသိုလ် (Prof. Donald Sparks – University of Delaware, USA)
အထူးပြုဘာသာ - အပင်နှင့်မြေဆီလွှာသိပ္ပံ အထူးသဖြင့် မြေဆီလွှာဓာတုဗေဒ သုတေသီ
(Distinguished Professor Emeritus of Plant and Soil Sciences, leading soil chemistry researcher)

(က-၃) ဂုဏ်ထူးဆောင်ပါမောက္ခ ဂျိန်းစ်ကော်ဖီ၊ ကင်တတ်ကီတက္ကသိုလ် (Prof. James R. Coffey – University of Kentucky, USA)
အထူးပြုဘာသာ - မွေးမြူရေးနှင့်အစားအစာသိပ္ပံ အထူးသဖြင့် အသားစားနွား စီမံခန့်ခွဲမှု
(Emeritus Professor of Animal and Food Sciences, worked extensively in beef cattle management)

(ခ) ဥရောပနိုင်ငံများ

(ခ-၁) ဂုဏ်ထူးဆောင်သိပ္ပံပညာရှင် ပါမောက္ခ အေခင်ဒိုဘားမန်း၊ ရော်သမ်စတက် သုတေသန၊ ယူကေ (Prof. Achim Dobermann – Rothamsted Research, UK; Former Director; now Senior Emeritus Scientist)
အထူးပြုဘာသာ - မြေဆီလွှာအာဟာရဓာတ်၊ စပါးစိုက်ပျိုးနည်းစနစ်နှင့် အာဟာရဓာတ် စီမံခန့်ခွဲမှု)
(Specialist in soil fertility, rice systems, and nutrient management)

(ခ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ ဟူးပတ်ဇိုက်ဂလာ၊ ဟိုဟင်ဟိုင်းတက္ကသိုလ်၊ ဂျာမနီ (Prof. Hubert Ziegler – University of Hohenheim, Germany)
အထူးပြုဘာသာ - သီးနှံဇီဝကမ္မဗေဒနှင့် လယ်ယာဂေဟဗေဒ ဂုဏ်ထူးဆောင်ပါမောက္ခ)
(Emeritus Professor in Crop Physiology and Agroecology)

(ဂ) ဩစတေးလျနှင့်အာရှတိုက် (Australia and Asia)

(ဂ-၁) ဂုဏ်ထူးဆောင်ပါမောက္ခ တိုနီဖစ်ရှာ၊ ဩစတေးလျအမျိုးသားတက္ကသိုလ် နှင့်ကွန်မွန်ဝယ့်သိပ္ပံသုတေသနဌာန၊ ဩစတေးလျ (Prof. Tony Fischer – CSIRO & Australian National University, Australia (Emeritus Scientist)
အထူးပြုဘာသာ - ဂျုံဇီဝကမ္မဗေဒနှင့် မျိုးမွေးမြူရေးနှင့် အထွက်နှုန်းဆိုင်ရာ ကမ္ဘာကျော် သိပ္ပံပညာရှင်)
(Renowned for work in wheat physiology, breeding, and yield potential)

(ဂ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ ဆွာမိနသမ်၊ အိန္ဒိယစိုက်ပျိုးရေးသုတေသနတက္ကသိုလ်၊ အိန္ဒိယ (Prof. M.S. Swaminathan (1925–2023) – Indian Agricultural Research Institute & MSSRF, India) ၂၀၂၃ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။ မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍအတွက် အရေးပါသော အဆင့်မြင့် စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုလ်ဌာန (ACARE – Advanced Centre for Agricultural Research and Education) နှင့် စပါးဇီဝဥယျာဉ် (Rice Biopark) တို့ကို အိန္ဒိယအစိုးရ၏ အကူအညီဖြင့် တည်ထောင်ဖွင့်လှစ်သွားခဲ့ပါသည်။
အထူးပြုဘာသာ - အိန္ဒိယနိုင်ငံ၏ အစိမ်းရောင်တော်လှန်ရေးဖခင်ကြီး နှင့်




ဂုဏ်ထူးဆောင်ပါမောက္ခ ဆွာမိနာသန်နှင့်
တည်ထောင်ပေးခဲ့သော သုတေသနဌာန




စိုက်ပျိုး မွေးမြူရေး တက္ကသိုလ်အများစု၏ ဂုဏ်ထူးဆောင်ပညာရှင်ကြီး)

စာ-၁၁ သို့

# ကျေးရွာသစ်လူပ်ရှားမှု မွမ်းမံသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲနှင့် ကျေးရွာဝင်ငွေတိုးပွားရေးကဏ္ဍပြပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၁

**စိုက်**ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရေဆင်း)၌ ကျေးရွာသစ်လှုပ်ရှားမှုမွမ်းမံသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲနှင့် ကျေးရွာ များမှ ဝင်ငွေတိုးပွားရေးကဏ္ဍပြပွဲကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြောင်း သိရှိရသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့ရှိ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း တာဝန်ခံများ၊ စီမံကိန်း ဝင်ကျေးရွာ ၄၄ ရွာမှ ကျေးရွာခေါင်းဆောင်များအပါအဝင် ဝန်ထမ်းနှင့် တောင်သူလယ်သမား သင်တန်းသား ၇၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၁ ရက် နေ့မှ ၂၃ ရက်နေ့ထိ ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနား၌ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာရဲတင့်ထွန်းက "အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက် ရေး၌အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူ တို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဆိုသော ဦးတည်ချက်ကိုလည်း ချမှတ်ဆောင် ရွက်နေသည်ဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကအကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်နေပြည်သူများ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးကြောင်း"။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် ဆောင်ပုဒ် ၃ ခုကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျေးရွာများရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အဓိကအခြေခံရမည်ဖြစ်၍ ကျေးရွာတစ်ရွာ တန်ဖိုးမြှင့်ထုတ်ကုန် တစ်မျိုး ထုတ်လုပ်နိုင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားကြရန်နှင့်တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဦးသူရစိုးက မြန်မာနိုင်ငံတွင် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းရွာများမှ ဝင်ငွေတိုးပွားရေးကဏ္ဍပြပွဲ၌ နေပြည်တော်၊ ပျဉ်းမနား မြို့နယ်၊ ငကောင်းကံ ကျေးရွာမှ ထုတ်လုပ်သော စပါးမျိုးစေ့အမျိုးမျိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝဲကြီး ကျေးရွာမှ Recycle အမှိုက်အိတ်နှင့် ဟာလဝါ၊ အုန်းကုန်းကျေးရွာမှ ဆပ်ပြာဆီ၊ ပဲခူးမြို့နယ် တောင်သူ စုကျေးရွာနှင့် မယင်းရွာမကျေးရွာတို့မှ ဆပ်ပြာဆီအမျိုးမျိုး ၊ ပျော်ဘွယ်မြို့နယ်၊ မယ်ဇလီအိုင့်ကျေး ရွာမှဖိနပ်နှင့် လက်ဆွဲခြင်းအမျိုးမျိုး၊ ကလောမြို့နယ်၊ လက်ပံပင်ကျေးရွာမှ ထောပတ်သီး၊ နောင်လယ် ကျေးရွာမှ သနပ်ဖက်၊ သာမိုင်းခမ်းကျေးရွာမှ စတော်ဘယ်ရီဝိုင်နှင့် ဂျင်းလက်ဖက်ရည်ထွက်ကုန်၊ တောင်ကြီးမြို့နယ် ဘန်းကန်နှင့်လူရိုးတောင်ကျေးရွာတို့မှ မြန်မာ မျိုးရင်းကြက်သွန်ဖြူ၊ ညောင်စဉ် ကျေးရွာနှင့်ကျောက်စုကျေးရွာတို့မှ ထောပတ်သီးထွက်ကုန်များကိုပြသခဲ့ရာ ညွှန်ကြားရေးမှူးချုပ်၊ တက်ရောက်လာသူများနှင့် သင်တန်းသားများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြသည်။

ပြပွဲအပြီးတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးရေးကဏ္ဍ၊ ဝင်ငွေ တိုးပွားရေးကဏ္ဍတို့၌ အကောင်းဆုံးဆောင်ရွက်နိုင်သည့်ကျေးရွာများအား ညွှန်ကြားရေးမှူးချုပ်က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ယနေ့အထိ ကျေးရွာပေါင်း ၂၅၀ တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

DOA

စာ-၁၀ မှ

(Often referred to as the "Father of India's Green Revolution"; held Emeritus positions at several Indian institutions.)

(ဂ-၃) ဂုဏ်ထူးဆောင်ပါမောက္ခ ယိုရှီဒါ၊ တိုကျိုတက္ကသိုလ်၊ ဂျပန် (Prof. Shouichi Yoshida – University of Tokyo, Japan) ၂၀၁၈-ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။

အထူးပြုဘာသာ - ဆန်စပါးဇီဝကမ္မဗေဒနှင့်အပင်မျိုးမွေးမြူရေး၏ ဦးဆောင်ဖခင်ကြီး၊ အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန၏ ဂုဏ်ထူးဆောင်ပညာရှင်ကြီး

(Emeritus Professor of Crop Science, pioneer in rice physiology and breeding: IRRI Emeritus Rice Scientist)

## (ဃ) အာဖရိကတိုက် (Africa)

(ဃ-၁) ဂုဏ်ထူးဆောင်ပါမောက္ခ ဂျူးမား၊ ဟားဗတ်တက္ကသိုလ်နှင့် ကင်ညာနိုင်ငံ (Prof. Calestous Juma (1953–2017) – Harvard Kennedy School (Kenya/USA) ၂၀၁၇ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။

အထူးပြုဘာသာ - အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုနှင့်မူဝါဒ၊ အာဖရိကတိုက်၏ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

(Although mainly in international development and policy, he held honorary emeritus status and contributed to agricultural innovation in Africa)

(ဃ-၂) ဂုဏ်ထူးဆောင်ပါမောက္ခ အက်ဒီစီးနား၊ အီဗာဒန်တက္ကသိုလ်၊ နိုင်ဂျီးရီးယားနိုင်ငံ (Prof. Akin Adesina – University of Ibadan, Nigeria)

အထူးပြုဘာသာ - အာဖရိကဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးစီးပွားရေး မူဝါဒပိုင်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

(later AfDB President; now holds emeritus recognition for contributions to agricultural economics and policy)

### စာရေးသူ၏အတွေးတစ်စ

မြန်မာနိုင်ငံတွင် နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များကဲ့သို့ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ သုတေသနပညာရှင်များစွာ မရှိသော်လည်း ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် အငြိမ်းစားဆရာ/ ဆရာမကြီးများ၊ အငြိမ်းစားသုတေသနပညာရှင်များလက်ရှိ နေထိုင်လျက်ရှိနေကြပါသည်။ ဤပုဂ္ဂိုလ်များ၏ နှစ် ၃၀ /၄၀ ထမ်းဆောင်ခဲ့သော အတွေ့ အကြုံများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဖြည့်တင်းပေးနိုင်ပါသည်ဟူ၍ စာရေးသူ ယုံကြည်နေမိပါသည်။

(ဆက်လက်ဖော်ပြပါမည်) **ဒေါက်တာမျိုးကြွယ်**




၂၅-၁၀-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း) တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၆၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းဆန် အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အဟောင်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်အသစ် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၅၀၀၀ကျပ် နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင် ၄၈၀၀၀ ကျပ်နှင့် အောက်စတစ်တင်းခွဲတစ်အိတ်လျှင် ၄၇၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲအိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်း နှင့် အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်းရောင်းဝယ်လျက် ရှိကြသည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ် ပါက ရွှေဘိုပေါ်ဆန်း ဆန်ဟောင်း၊ ဆန်သစ်တစ်အိတ်လျှင် ၅၀၀ ကျပ်ဝန်းကျင် ဈေးမြင့်ခဲ့ ကြောင်းသိရသည်။ ရွှေဘိုပေါ်ဆန်းမှာ ဆန်ဟောင်း လက်ကျန်နည်းလာချိန်ဖြစ်ခြင်းနှင့် ပုံမှန်ဝယ် ယူစားသုံးမှုရှိခြင်းကြောင့် ဈေးမြင့်လာခြင်းဖြစ်သည်။ ဖျာပုံပေါ်ဆန်းမှာ ကုန်အဝင်အလွန်နည်း ခြင်းနှင့် ဝယ်ယူစားသုံးမှုနည်းခြင်းကြောင့်လည်းကောင်း၊ ဧယာဆန်မှာ ဆန်သစ် အဝင်လိုင်ချိန် ဖြစ်ခြင်းနှင့် ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းကြောင့် လည်းကောင်း၊ ဧည့်မထနှင့် ငစိန် ဆန်အမျိုးအစားများမှာ ပြည်ပပို့ဆန် ဈေးနှုန်းများ ကျဆင်းနေမြဲဖြစ်ခြင်းနှင့် ပြည်ပတင်ပို့မှုမှာ လည်းပုံမှန်ရှိခြင်း တို့ကြောင်းလည်းကောင်း ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်း အဝယ်အေးလျက်ရှိသည်။တရုတ်နှင့်အာဖရိကနိုင်ငံများသို့ ပုံမှန်ဆန် တင်ပို့မှုရှိပြီး အခြားနိုင်ငံများ သို့လည်းပိုမိုတင်ပို့နိုင်ရန်ဆောင်ရွက်လျက်ရှိ ကြောင်းသိရသည်။မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတို့မှလည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန် ချော၊ ဆန်ကြမ်းများအား ကားဖြင့်လှည့်လည် ရောင်းချ ပေးလျက်ရှိသည်။ ရန်ကုန် ဈေးကွက် သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘိုဒေသ များမှ ဆန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ကြောင်း သိရ သည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲများနှင့်အတူ ကမ္ဘာ့ရွှေဈေးနှင့် နိုင်ငံတကာ ငွေလဲနှုန်းမတည်ငြိမ်မှုများခြင်း၊ မုန်တိုင်းမိုးများ ရွာသွန်းသော ကာလဖြစ်၍ အရောင်းအဝယ်အေးခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့မှု နည်းခြင်း၊ တိရစ္ဆာန်အစာအဖြစ်လည်း ဝယ်ယူမှုနည်းခြင်း၊ လှောင်လက်များ မှ ဝယ်ယူမှု မရှိခြင်းနှင့် တောင်သူများမှ ရောင်းလိုအားများခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက်ဈေးနိမ့်ခဲ့ သည်။ အစေ့ထုတ်ပြောင်း၅၄ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်း မှာ ၇၈၈၄၀ ကျပ်ပင်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၈၃၀၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ ဇွန်လတတိယရက်သတ္တပတ်မှ စတင်ကာ ယခု အောက်တို ဘာစတုတ္ထရက်သတ္တပတ်တိုင်အောင် အဆင့်ဆင့် ဈေးနိမ့်လာခဲ့ခြင်းဖြစ် သည်။

## ပဲမျိုးစုံဈေးကွက်

အဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် အောက်တိုဘာလ အတွင်း မတ်ပဲအသစ် များဈေးကွက်သို့ ဝင်ရောက်မှုများခဲ့ခြင်းကြောင့် မတ်ပဲ ဈေးနှုန်းများကျဆင်းလာခြင်းအပြင် မြန်မာ့မတ်ပဲ ဝယ်လိုအားနည်းလာခြင်း ကြောင့် မြန်မာ့မတ်ပဲများဈေးနိမ့်ခဲ့ပြီး အရောင်း အဝယ်ဖြစ်မှုလည်း နည်းခဲ့ သည်။ မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၇၀၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၆၉၂၀၀၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့် ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၅ ရက်ရှိခဲ့ ပြီး ကုန်သေတ္တာ ၃၀လုံး ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံရှိ ဒေသအချို့၌ မိုးရွာသွန်းမှုများကြောင့် စိုက်ခင်းအချို့ ရေလွှမ်း ပျက်စီးမှုများရှိခဲ့မှုကြောင့် ပဲစင်းငုံဈေးနှုန်းမှာမူ ဈေးမြင့်ခဲ့ကြသည်။ အာဖရိ ကရှိနိုင်ငံအချို့မှလည်း တင်သွင်းမှု ရှိခြင်းကြောင့် မြန်မာ့ပဲစင်းငုံများအား ဝယ်ယူမှုမှာလည်း လျော့နည်းလျက်ရှိသည်။ ပြည်တွင်း၌လည်း ပဲစင်းငုံ လက်ကျန်နည်းလာချိန်ဖြစ်ခြင်းနှင့် ပြည်ပအဝယ်ရှိလာခြင်း၊ ပဲခွဲစက်များမှ လည်း ဝယ်ယူမှုရှိခြင်းတို့ကြောင့် ပဲစင်းငုံ(သဘော်တင်)တစ်တန်လျှင် ယခင် အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၅၇၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၆၄၅၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့် ခဲ့ခြင်းဖြစ်သည်။ ကုန်စည်ဒိုင် ဖွင့်ရက် ၅ ရက်အတွင်း ကုန်သေတ္တာ ၂၅ လုံးခန့်အရောင်း အဝယ် ဖြစ်ခဲ့ကြောင်း သိရ သည်။ ပဲတီရွှေဝါဈေးနှုန်းမှာ ပြည်ပဝယ်လက်များမှ အရောင်းအဝယ်နည်းခဲ့ သော်လည်း ဆောင်းပဲများ စိုက်ပျိုးချိန်နီးလာခြင်းကြောင့် မျိုးအဖြစ် ဝယ်ယူ မှုများရှိကာ ဈေးငြိမ် လျက်ရှိသည်။ ထောပတ်ပဲ၊ ပဲလွှမ်းဖြူ၊ ပဲပုပ်များမှာ အဟောင်း လက်ကျန်နည်းကာ အရည်အသွေးနိမ့်လာခြင်း၊ ပြည်တွင်းပြည်ပ မှ ဝယ်လိုအားနည်းခြင်းတို့ ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့ကြသည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၉၄၇၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၈၉၃၀၀ ကျပ်သို့ လည်းကောင်း၊ ပဲလွှမ်းဖြူ ၃ တင်း / ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၂၅၉၉၅၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၅၇၅၅၀ ကျပ်သို့ လည်းကောင်း၊ ပဲပုတ်ပဲ ၃ တင်း / ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှ ဈေးနှုန်းမှာ ၃၄၂၆၀၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၃၇၅၀၀ ကျပ်သို့ လည်းကောင်း အသီးသီးရောက်ရှိ ဈေးနိမ့်ခဲ့ကြသည်။ ဘိုကိတ်ပဲမှာ ပဲ ဟောင်းလက်ကျန်နည်းလာချိန်ဖြစ်သော် လည်း ရောင်းလိုအား ဝယ်လိုအား မျှနေခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ် အရောင်းအဝယ် အေးခဲ့သည်။ ဘိုကိတ်ပဲ ၃ တင်း / ၆၀ ပိဿာလျှင် ယခင်အပတ်နှင့်ယခု အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၁၅၁၀၀ကျပ်ဖြစ်သည်။ ကုလားပဲမှာ ပဲဟောင်း လက်ကျန်နည်းခြင်းနှင့် လှောင်လက်များ လက်ဝယ်သာ ပဲရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကုလားပဲ တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၄၂၉၈ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၄၃၄၀ကျပ် ဖြစ်သည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကုန်ဆုံး သောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်း ဈေးနှုန်းမှာ ၆၅၆၅ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၂၀ ကျပ်နှုန်း ဈေးနိမ့်လာ ခဲ့ခြင်း ဖြစ်သည်။ပြင်ပရှိလက်လီ ဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေး နှုန်းထက် များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ (၅၀) ကျပ်သား နှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စား အုန်းဆီတစ်ပိဿာ၏ ပြင်ပ ပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

**အေးသန္တာဝင်း**

AgribizNews ဝက်ဘ်ဆိုက်နှင့်
e-Paper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်
၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သိရိမာလာဈေးတို့မှ ၂၅-၁၀-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်နှင့်ဆီဈေးကွက်

မန္တလေးဈေးကွက်တွင် ရန်ကုန် ပေါ်ဆန်းမှာ မြို့တွင်းစားသုံးရန် ဝယ်ယူမှုနည်းသော်လည်း မိုးစပါးလက်ကျန်၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းမှာလည်း စိုက်ဧကနည်း၊ အထွက် နည်း၊ အဝင်နည်းခြင်းကြောင့် ဝယ်ယူမှုပုံမှန်ရှိသော်လည်း တစ်အိတ် ၁၄၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

မနောသုခဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ အရည်အသွေးဆန်ရည်ဆန်သားပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်းကြောင့် တစ်အိတ်အရည်အသွေး ညံ့ ၇၈၀၀၀ကျပ်မှ အကောင်းဆုံး ၈၅၀၀၀ကျပ်ဈေးဖြင့် ရောင်း ဝယ်နေသည်။

ငစိန်ဆန်မှာ ရန်ကုန်မှ တစ်ဆင့်ဝင်ရောက်ခြင်း အဝင်နည်းခြင်း၊ မုန့်လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် တစ်အိတ် ၆၀၀၀၀ ကျပ်မှ ၅၉၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ဧယာဆန်မှာ အသစ်ဝင်ရောက်မှုနည်းသွားခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၇၅၀၀၀ ကျပ်မှ ၈၂၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ဧရာမင်းဆန်မှာ အဝင်နည်းခြင်းကြောင့် မြို့တွင်းစားသုံးရန်နှင့် မန္တလေးဝန်းကျင်မှ ဝယ်ယူမှုနည်း သော်လည်း တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စားသုံးဆီဈေးနှုန်းများအနေဖြင့် မြေပဲ(လုံးဆန်/ ဆီဆန်)ဈေးတည်ငြိမ်သဖြင့် ပဲဆီတစ်ပိသာ ၁၄၀၀၀ ကျပ်၊ နှမ်းဆီတစ်ပိသာ ၁၂၅၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။

## ဆီထွက်သီးနှံဈေးကွက်

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ မြင်းမူဘက်မှ အဝင်များပြီး အရည်အသွေးကွာခြားမှုပေါ်မူတည်၍ ၁၀၀ ပိသာ ၇၉၀၀၀၀မှ ၈၅၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးနှင့် လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက် အနည်းငယ်ရှိသည်။

မြေပဲဆီဆန်ဈေးနှုန်းမှာ တပ်ကုန်း၊ ရမည်းသင်း၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းတို့မှ အဝင်နည်း သွားခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ပိသာအရည်အသွေးအကောင်းဆုံး ၁၀၀ ပိသာ ၇၁၅၀၀၀မှ ၇၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံတို့အနက် နှမ်းဖြူ(ဂျပန်)မှာ ၄၅ ပိသာတစ်အိတ် ၃၁၅၀၀၀ကျပ် ဈေးရှိပြီး၊ နှမ်းဖြူ(ရိုးရိုး)မှာ တရုတ်ဝယ်လက်အနည်းငယ်ရှိခြင်း၊ လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် ၄၅ပိသာတစ်အိတ်၂၆၅၀၀၀ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ နှမ်းညိုမှာ အသစ်အဝင်ရှိသော်လည်း ဆီစက်သမား အဝယ်များခြင်းကြောင့် ၄၅ပိသာ တစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၇၅၀၀၀ ကျပ်မှ ၂၈၂၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ နှမ်းနက်မှာ မိုးမလွတ် နှမ်းနက်စမုံ ၄၅ပိသာ ၇၁၅၀၀၀ကျပ်မှ ၇၅၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး နှမ်းနက် (AV) မှာ ၇၅၅၀၀၀ ကျပ်မှ ၇၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် အဝင်နည်းခြင်း၊ အသစ်မဝင်သေးသဖြင့် ပစ္စည်းရှားခြင်း၊ ဈေးမြင့်သဖြင့် ဆီစက်သမား၊ ဘယဆေးသမားအဝယ်နည်း အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၂၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နေကြာဈေးနှုန်းအနေဖြင့် မိုးနေကြာ အဝင်နည်းခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ပိသာ ၁၉၃၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းတို့မှ ငရုတ်ခြောက်(ရှည်) တစ်ပိသာ ၁၂၀၀၀ကျပ်ဖြင့် မြို့တွင်းသုံးနှင့် မန္တလေးဝန်းကျင်မှ ဝယ်ယူမှုရှိသည်။ ငရုတ်ခြောက်(ပွ)မှာ ဧရာဝတီတိုင်းမှ ဝင်ရောက်ပြီး Air-con ပွများဖြစ်ခြင်းကြောင့် တစ်ပိသာ ၃၀၀၀၀ကျပ်မှ ၃၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ကြက်သွန်နီဈေးနှုန်းအနေဖြင့် မုံရွာ၊ ထီးဆောင်း၊ မြင်းခြံနယ်စုံမှ ဝင်ရောက်ပြီး အဝင်နည်းသွားခြင်း၊ မန္တလေးအနီးဝန်းကျင်မှ ဝယ်ယူမှုရှိခြင်းကြောင့် ကြီးတစ်ပိသာ ၁၅၀၀ကျပ်မှ ၁၈၀၀ကျပ်သို့ ဈေးမြင့်သွားပြီး လတ်တစ်ပိသာ ၁၀၀၀ကျပ်၊ သေးတစ်ပိသာ ၇၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းလက်လီဆိုင်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ် ပိသာ ၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန် ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ တစ်ပိသာ ၂၀၀၀ကျပ်မှ ၆၅၀၀ကျပ်ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။ ရွှေဘိုဘက်မှ မြန်မာဖြူမှာ အရည်အသွေးပေါ်မူတည်၍ တစ်ပိသာ ၇၀၀၀ကျပ်မှ ၉၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်မှုရှိသည်။

အာလူးဈေးနှုန်းမှာ တရုတ်အာလူးများ အဝင်ရှိပြီး တစ်ပိသာ ၆၈၀၀ ကျပ်၊ အောင်ပန်းမှ ဒေသအသီး များမှာ အရည်အသွေးပေါ်မူတည်၍ တစ်ပိသာ ၄၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်ဖြင့် ရောင်း ဝယ်နေသည်။

## ပဲမျိုးစုံ ဈေးကွက်အခြေအနေ

မတ်ပဲဈေးနှုန်းမှာ ရန်ကုန် ဝယ်လက်အဝင်ပုံမှန်၊ ကျောက်ရစ်ပဲအဝင်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၆၀၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေပြီး အညာမတ်ပဲ၊ ခြံပဲများမှာ အရည်အသွေး အနိမ့်ဆုံး ၃ တင်းတစ်အိတ် ၁၇၀၀၀၀ ကျပ်မှ အကောင်း ဆုံး ၂၂၀၀၀၀ ကျပ်ဖြင့် ပုံမှန်ဝယ်ယူမှုရှိသည်။

ပဲတီစိမ်း ဈေးနှုန်းမှာ မိုးပဲတီစိမ်းများ အဝင်ရှိခြင်း၊ တရုတ်ဝယ်လက်နည်းခြင်း၊ ပဲခွဲစက်များ ဝယ်ယူ မှုနည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၃၃၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲစဉ်းငုံ (ဖြူ/နီ) တို့မှာ အသစ်ဝင်ချိန်နီးခြင်း၊ လက်ကျန်နည်းခြင်း၊ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ အိန္ဒိယပို့ရန် အဝယ်နည်းသော်လည်း ၃ တင်းတစ်အိတ် ၂၄၁၀၀၀ ကျပ်မှ ၂၄၆၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ပဲစဉ်းငုံ (ဖြူ) မှာ မြို့တွင်းခွဲစက်များ၊ အဝယ်သာရှိခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၂၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲပုတ် (ရှမ်း/မြန်မာ) တို့မှာ မိုးပဲပုတ် အဝင်နည်းခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန် ရှိခြင်းကြောင့် ပဲပုတ် (မြန်မာ) ၃တင်းတစ်အိတ် ၃၆၀၀၀၀ ကျပ်ဖြင့်ဈေးတည်ငြိမ်နေပြီး ပဲပုတ် (ရှမ်း)မှာ မိုးပဲပုတ် အဝင်နည်း ခြင်း၊ ဆီစက်သမား အဝယ်များခြင်းကြောင့် အရည်အသွေး အကောင်းဆုံး ၃တင်း တစ်အိတ် ၂၇၈၀၀၀ ကျပ်မှ ၃၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ကုလားပဲ (လုံးဖြူကြီး) မှာ စတင်စိုက်ပျိုးရန် ပြင်ဆင်ချိန် ဖြစ်ခြင်းကြောင့် လှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၅၀၀၀၀ ကျပ် မှ ၂၄၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ ကုလားပဲ (လုံးဝါကြီး) မှာ အဝင်ပုံမှန် ပဲခွဲစက်များ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၂၃၀၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ လုံးဝါကြီးဈေးငြိမ်သဖြင့် ခွဲခြမ်းမှာလည်း တစ်ပိသာ ၅၈၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ မြေထောက်ပဲမှာ မုံရွာနှင့် အညာဒေသများမှ ဝင်ရောက် ပြီး မုံရွာပဲမှာ အရည်အသွေးပေါ်မူတည်၍ အညံ့ဆုံး ၃တင်းတစ်အိတ် ၁၇၀၀၀၀ ကျပ်မှ ၂၁၀၀၀၀ ကျပ် အညာပဲမှာ အရည်အသွေးအကောင်းဆုံး ၂၇၀၀၀၀ ကျပ်ဖြင့် ပဲကြော်/လှော်သမားများနှင့် လက်လီသမားများ အဝယ်ပုံမှန်ရှိနေသည်။ ပဲယင်းကြီးမှာ အဝင်ပုံမှန် ပဲခွဲစက်နှင့် ကြာဇံသမားအဝယ်ပုံမှန် ရှိခြင်းကြောင့် တစ်အိတ် ၂၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ (ကျွန်း)မှာ အဝင်နည်းခြင်း၊ လုပ်ငန်းသုံးအဝယ်များခြင်း၊ အရည်အသွေးကောင်း၍ လက်လီသမားအဝယ်များခြင်းကြောင့် ၃တင်းတစ်အိတ် ၈၃၀၀၀၀ ကျပ်မှ ၈၅၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲကြီး (ကြီး/သေး)၊ ထောပတ်ပဲ (ကြီး/သေး)တို့မှာ မိုးပဲအဝင်နည်းခြင်း၊ လုပ်ငန်းသုံးအဝယ် ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး)ကျောက်တွင်းပဲ ၃တင်းတစ်အိတ် ၄၄၀၀၀၀ကျပ်မှ ၄၈၀၀၀၀ကျပ်၊ ပဲကြီး(သေး) ၃၃၀၀၀၀ မှ ၃၅၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ထောပတ်ပဲ(ကြီး)မှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ ပဲကြော်/လှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ထောပတ်ပဲ

စာ-၁၅ သို့



## သဘာဝဓာတ်စာနှင့်ဆေး

# ချဉ်ပေါင်လက်ခြား

**ဖြူးမုံမင်**

ဆောင်းအဝင် ရာသီကာလတွင် ဆောင်းလေနှင့်အတူ ချဉ်ပေါင်လက်ခြားပင်တို့၏ ရိုးတံအဆစ်ကြားလေးများတွင် ပန်းပွင့်ပြီးနောက် အနီရင့်ရောင် အသီးလေးများ စိစိရီရီထွက်ပေါ်လာကြပြီ။ ချဉ်ပေါင်လက်ခြားပင်၏ အင်္ဂလိပ်အမည်မှာ "roselle" သို့မဟုတ် "red sorrel" ဟု ခေါ်ဆိုကြသကဲ့သို့ hibiscus plant ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Hibiscus sabdariffa ဟု ခေါ်ဆိုပြီး ရုံးပတီ၊ ဝါပင်တို့နှင့် မျိုးရင်းတူဖြစ်သည့် Malvaceae တွင် ပါဝင်၏။

ချဉ်ပေါင်ပင်မှာ အာဖရိကတွင် မူလအတိုင်း သဘာဝအလျောက်ဖြစ်ထွန်းခဲ့ပြီး အာဖရိကအနောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကတည်းက ပျံ့နှံ့ပေါက်ရောက်ခဲ့၏။ လွန်ခဲ့သော ၁၇ ရာစုနှစ်အတွင်းက ချဉ်ပေါင်ပင်ကို အိန္ဒိယနှင့် အမေရိကတိုက်များသို့ မိတ်ဆက်ခဲ့ပြီး ယခုအခါ ကမ္ဘာတစ်ဝန်းရှိ အပူပိုင်းဒေသများတွင် စိုက်ပျိုးလာကြ၏။ အမှန်တကယ် သဘာဝအတိုင်းပေါက်ရောက်သော ချဉ်ပေါင်မျိုးများကို ဂါနာ၊ နိုင်ဂျာ၊ နိုင်ဂျီးရီးယားနှင့် အင်ဂိုလာကဲ့သို့သော နိုင်ငံများတွင် စုဆောင်းခဲ့ကြ၏။

ကမ္ဘာပေါ်တွင် ချဉ်ပေါင်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိသော်လည်း ယခုချဉ်ပေါင်လက်ခြားမျိုးသည် အာယုဗေဒ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်၏။ ချဉ်ပေါင်လက်ခြားပင်သည် နေရောင်ခြည်၊ အပူနှင့် စိုထိုင်းဆများစွာရှိသော နွေးထွေးသော၊ အပူပိုင်း သို့မဟုတ် အပူလျော့ပိုင်းရာသီဥတုများတွင် ကောင်းစွာဖြစ်ထွန်းသော တစ်နှစ်ခံအပင်မျိုး ဖြစ်၏။ ချဉ်ပေါင်လက်ခြားပင်သည် အကိုင်းအခက်များသော ချုံပင်မျိုးဖြစ်ပြီး အမြင့် ကိုးပေအထိ ရှင်သန်ကြီးထွားနိုင်ပြီး ထင်ရှားလှပသော ပန်းများကို ပွင့်စေပြီး အသီးများသီးကာ ခူးဆွတ်ရိတ်သိမ်းနိုင်သည့် အပင်အစိတ်အပိုင်း တစ်ခုဖြစ်၏။ ချဉ်ပေါင်လက်ခြားပင်တွင် ထိပ်ဖျားချွန်သော အရွက်သုံးခွပါဝင်ပြီး ယင်းအပင်မှ အနီရင့်ရောင် ချဉ်ပေါင် သီးများရရှိ၏။ ချဉ်ပေါင်ဖူးဟု



အများက ခေါ်ဆိုကြသော်လည်း ချဉ်ပေါင်သီးဖြစ်၏။ အသီး၏အပြင်ဖက်တွင် ငုံထား သော အနီရင့်ရောင် အဖတ်လေးများက ပန်းဖူးလေးသဏ္ဍာန်ဖြစ်နေသည့်အတွက် ခေါ်ဆိုကြခြင်းဖြစ်ပြီး ယင်းအနီရောင် အဖတ်လေးများကိုသာ စားသုံးကြခြင်းဖြစ်၏။

ချဉ်ပေါင်ပင်သည် အာဟာရပြည့်ဝပြီး အထူးသဖြင့် ၎င်း၏အရွက်များ၊ အသီးနှင့် အစေ့များတွင် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်၏။ အရွက်များတွင် ဘီတာကာရိုတင်းနှင့် ဖော့စဖရပ်စ် မြင့်မားစွာ ပါဝင်ပြီး အဖူးတွင် ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်းတို့ပါဝင်ပြီး အစေ့များတွင် ကျန်းမာရေးနှင့်ညီညွတ်သော လီနိုလစ် အက်ဆစ်နှင့် အိုလီအစ်အက်ဆစ်များအပါအဝင် ပရိုတင်းနှင့် အဆီများ၏ အကောင်းဆုံးအရင်း အမြစ်တစ်ခု ဖြစ်၏။

ချဉ်ပေါင်ဖူး တစ်ပန်းကန်လုံးတွင် အစာစွမ်းအင် ၂၈ ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ် ကြွယ်ဝစွာပါဝင်ခြင်းနှင့်အတူ အဆီဓာတ်အနည်းငယ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီတူး၊ ဗီတာမင်စီနှင့် ဘီတာကယ်ရိုတင်းတို့ပါဝင်၏။ သတ္တုဓာတ် အနေဖြင့် ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်တို့လည်း ပါဝင်၏။

ချဉ်ပေါင်ရွက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၄၃ ကယ်လိုရီခန့်၊ ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ပရိုတင်း၊ ဘီတာကယ်ရိုတင်းအလွန်မြင့်မားစွာပါဝင်ပြီး ဗီတာမင်စီလည်း ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် ဖော့စဖရပ်စ်၊ သံဓာတ်တို့လည်း ကြွယ်ဝစွာ ပါဝင်၏။

ချဉ်ပေါင်ပင်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမြင့်မားစွာပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်အတွင်း ဓာတ်တိုးခြင်း ကြောင့် စိတ်ဖိစီးမှုဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်း၊ သွေးကြောများတွင် ရောင်ရမ်းမှုကို လျှော့ချပေးနိုင်စွမ်းရှိခြင်း၊ သွေးဖိအားကို မျှချေဖြစ်စေနိုင်စွမ်း၊ သွေးကိုသန့်စင်စေနိုင်စွမ်း၊ နှလုံးနှင့် သွေးလည်ပတ်မှုကို အားကောင်းစေနိုင်စွမ်း၊ အသည်းကျန်းမာရေးကို အထောက်အကူပြုနိုင်စွမ်း၊ ကျောက်ကပ်၏ လုပ်ဆောင်ချက်ကို တိုးတက်ကောင်းမွန်စေနိုင်စွမ်း၊ ဆီးရွှင်စေခြင်း၊ ဝမ်းပျော့စေခြင်း၊ အမျိုးသမီးမျိုးပွားအင်္ဂါကျန်းမာခြင်းနှင့် ဓမ္မတာလာခြင်းကို အထောက်အကူပြုနိုင်စွမ်း၊ သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောများကို လျှော့ချရာတွင် အထောက်အကူပြုပြီး ကောင်းသော ကိုလက်စထရောကို မြှင့်တင်ပေးနိုင်စွမ်းရှိခြင်း၊ ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်စွမ်း၊ အဏုဇီဝပိုးမွှားများကို တိုက်ဖျက်နိုင်စွမ်း၊ သွေးတွင်းသကြားဓာတ် ပမာဏကို လျှော့ချပေးခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားနိုင်ချေကို ဟန့်တားနိုင်စွမ်း၊ အသားအရေကျန်းမာရေးနှင့် အရွယ်တင်နုပျိုနိုင်စွမ်းတို့ ရှိ၏။

စာရေးသူတို့နိုင်ငံတွင် ရှေးယခင်ကတည်းက ချဉ်ပေါင်ရွက်ကို အဓိကထားပြီး ဟင်းလျာအဖြစ် အမယ်မျိုးစုံ ပြင်ဆင်ချက်ပြုတ်စားသုံးလေ့ရှိကြ၏။ ချဉ်ပေါင်ဖူးကို ဆောင်းအဝင်ရာသီချိန်၌ အထောင်း၊ အကြော်၊ အရည်သောက် အစရှိသဖြင့် ချက်ပြုတ်ပြင်ဆင်စားသုံးမှု ပိုများ၏။ ခေတ်ရေစီးကြောင်းအလိုက် ချဉ်ပေါင်ဖူးရေနွေးကြမ်းပြုလုပ် သောက်သုံးမှုလည်း ရှိလာကြ၏။

- ချဉ်ပေါင်ရွက်၊ ချဉ်ပေါင်ဖူးတို့ကို ငါး/ငါးခေါင်း/ပုစွန်/ပုစွန်ခြောက် စသဖြင့် နှစ်သက်ရာ ဟင်းခပ်လေးနှင့် ချဉ်ရည်ဟင်းချက်၊ ငရုတ်သီး ဆားထောင်းလေးနှင့် ထမင်းမြိန်စေ၏။
- ချဉ်ပေါင်ကြော်ဟုဆိုလျှင် လူတိုင်းကြိုက်သော ဟင်းလျာတစ်မျိုးဖြစ်ပြီး ချဉ်ပေါင်ရွက်နှင့်အတူ မျှစ်၊ ဇရစ်ရိုး၊ ခရမ်းကြွပ်သီး၊ မျောက်ငိုသီးတို့အပြင် နှစ်သက်ရာ ရာသီပေါ်အသီးအရွက်များနှင့် ရောပြီး ကြော်ကြ၏။ ချဉ်ပေါင်ကြော်ကို အိမ်တိုင်း တစ်ပတ်လျှင်တစ်ကြိမ်ခန့်အနည်းဆုံး ကြော်ထားလေ့ရှိကြ၏။
- မိဘအိမ်နှင့် အဝေးနေရသည့် သားသမီးများကို မိဘများက အိမ်အလွမ်းပြေအစားအစာများ ပြင်ဆင်ပေးသည့် အထဲတွင်လည်း ချဉ်ပေါင်ကြော်က မပါမဖြစ်ပေ။ နိုင်ငံရပ်ခြားသွားမည့်သူများအတွက် ချဉ်ပေါင်ရွက်ကို အခြောက်လှန်းပြီး အရွက်ခြောက်သီးသန့်ဖြစ်စေ၊ ချဉ်ပေါင်ရွက်ခြောက်ဘာလချောင်ကြော် စသဖြင့် ရေရှည် အထားခံသည့်ပုံစံမျိုးစုံဖြင့် ပြင်ဆင်စားသုံးကြ၏။
- အသားငါးဟင်းများစားရန် ငြီးငွေ့နေချိန်တွင်လည်း ဇလုံထဲ ထမင်းခူးထည့်၊ ချဉ်ပေါင်ကြော်၊ ဖျော်ထားသော ငါးပိရည်ကျိုထည့်၊ ငရုတ်သီးအလှော်မှုန့်ဖြူးပြီး သမအောင်နယ်ထားသော ချဉ်ပေါင်ကြော် ဇလုံထမင်းနယ်ကိုလည်း လူကြီးလူငယ်မရွေးနှစ်သက်ကြ၏။ သခွားသီး၊ ရုံးပတီသီး၊ အကြွပ်သီး၊ ကြက်သွန်ဖြူ နီ၊ ငရုတ်သီး စိမ်းတောင့် တို့စရာတို့နှင့်အတူ တွဲပြီးစားလိုက်ရုံပင်။
- ဒံပေါက်/ထောပတ်ထမင်း/အုန်းထမင်း အစရှိသည့် အလှူထမင်းဟင်းပွဲများတွင်လည်း အအီပြေ မှန်ရောင် ချဉ်ပေါင်ဟင်းချိုက မပါ မဖြစ်ပေ။
- ရာသီပေါ် ချဉ်ပေါင်ဖူးကိုလည်း ဒေသအလိုက် မတူညီသောနည်းလမ်းမျိုးစုံဖြင့် ထောင်းစားတတ်ကြ၏။
- ချဉ်ပေါင်သီးများကို ခူးပြီး အဖတ်များကို ကွမ်းစားထုံးအနည်းငယ်ကို ရေထဲထည့်ပြီး ထုံးရေကြည် အနည်းဆုံး ၆ နာရီ စိမ်ထားပေးပါ။ ပြီးလျှင် ရေဖြင့်အထပ်ထပ်စင်ကြယ်အောင်ဆေးပေးပြီး ရေစစ်ထားပါ။ ပြီးလျှင် ချဉ်ပေါင်ဖူး ၃ ခွက်လျှင် သကြား ၁ ခွက်နှုန်းဖြင့် ခပ်ဖွဖွနယ်ပြီး အနည်းဆုံး ၂၄ နာရီ နှပ်ထားလိုက်ပါ။ ပြီးလျှင် အောက်မှ အိုးတစ်လုံးခံကာ ဇကာထဲလောင်းထည့်ပြီး အဖတ်သက်သက်၊ အရည်သက်သက် ခွဲထုတ်ပေးပါ။ အရည်အိုးကို မီးဖိုပေါ်တွင် မီးအသင့်အတင့်ဖြင့် အနည်းငယ်ရေခမ်းသည်အထိ ကျိုပေးပါ။ ပြီးရင် ချဉ်ပေါင်ဖူးဖတ်လေးများထည့်၊ ဆားအနည်းငယ်ထည့်၊ ကြိုက်တတ်လျှင် အစပ်အရသာနှင့် မဆလာနံ့ မွှေးမွှေးလေး ငရုတ်သီးစိမ်းမှုန့်နှင့် မဆလာအနည်းငယ် ထည့်ပြီး ကျိုပေးပါ။ အရည်ပျစ်လာပြီး ညောင်စေး ကျလာလျှင် မီးပိတ်ပြီး အိုးချနိုင်ပါပြီ။ တာရှည်အထားခံရန်အတွက် ချဉ်ပေါင်ဖူးဖတ်လေးများကို ဇကာထဲ

စာ-၁၅ သို့

ကျောဖုံးမှ-

ကို ဆွေးနွေးပညာပေးရန် လိုအပ်ပါသည်။

ပန်းစိုက်တောင်သူများအား စကားလက်ဆောင်ပါးချင်ပါသည်။ ဤလယ်ယာမြေများ ကိုမည်သူတွေ စိုက်ပျိုး၍ ထွက်ပေါ်လာသည့် အကျိုးအမြတ်များကို မည်သူတွေ ရရှိခံစားနေရပါသနည်း။ မိမိတို့ကိုယ်တိုင်ပင် မဟုတ်ပါလော။ မိမိတို့ကိုယ်တိုင် အသက်မွေးဝမ်းကြောင်း အတွက် လုပ်ကိုင်စားသောက်နေသော ဤလယ်ယာမြေများ မပျက်စီးစေရေး အတွက် စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါသည်။

စိုက်ပျိုးရေးပညာကို အထူးပြုလေ့လာ သုတေသနပြုချက်များမှ ထွက်ပေါ်လာသည့် ရလဒ်အဖြေများကို အခြေခံ၍ အရည်အသွေးလည်းမီ စိုက်ပျိုးစရိတ်လည်း သက်သာ၊ တာရှည်လည်းအထားခံ၊ ပိုးမွှားရောဂါဒဏ်ကိုလည်း ကောင်းစွာခံနိုင်စေမည့် မျိုးကောင်းများ၊ ဓာတုမြေဩဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများ၊ သဘာဝသစ်ဆွေးမြေဩဇာများကို အစားထိုး သုံးစွဲခြင်းနှင့် ဇီဝပိုးသတ်ဆေးများကို သုံးစွဲခြင်းဖြင့် အပင်များ လောင်ကျွမ်းမှု မရှိနိုင်ကြောင်း အာမခံချက်ပေး၍ ဆွေးနွေးသည့်အခါ ဟဲဟိုးဒေသရှိ ပန်းစိုက်တောင်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

တစ်နှစ်ထက်တစ်နှစ် ပန်းအပွင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူဦးရေ တိုးတက်လာသည်နှင့် အမျှ ထွက်ကုန်ပမာဏမှာလည်း များပြားလာပါသည်။ ဈေးကွက်သို့ တင်ပို့လိုက်သည့်ပန်းများ အကြောင်းအမျိုးမျိုးကြောင့် အချိန်နောက်ကျမှ ရောက်ရှိလျှင် ကုန်ပစ္စည်းများပုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အရှိန်အဟုန်မြင့် တိုးတက်ပြောင်းလဲလျက်ရှိသော ယနေ့အချိန်ကာလတွင် ခေတ်ရေစီးကြောင်းကို မျက်ခြည်မပြတ်ရန်လည်းလိုပါသည်။

ပန်းစိုက်တောင်သူများအနေဖြင့် ဒေသတွင်းဈေးကွက် အနေ အထားလောက်ဖြင့် ကျေနပ်မနေပဲ နိုင်ငံတကာဈေးကွက်များသို့ မှန်းမျှော်ကြည့်တတ်ရန် လိုအပ်လာပြီဖြစ်သည်။ ဈေးကွက်များ၏ လိုအပ်ချက်၊ ဘယ်လဘယ်ရာသီမှာ ကိုယ့်ဒေသလိုပဲ ဘာပန်းတွေပွင့်နေသလဲ။ ဘာပန်းအမျိုးအစားတွေလဲ၊ ဈေးကွက်မှာ တစ်ရက်အတွင်း ရောက်ရှိသော ပန်းကုန်ပမာဏ ဘယ်လောက်ရှိသလဲနှင့် မိမိတို့ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု အား၊ ပြည်တွင်းမှ ပန်းကုန်များ ပမာဏများပြားစွာ ဈေးကွက်တွင် ဝင်ရောက်ပြီး ဝယ်လိုအားရောင်းလိုအား မမျှ၍ ဈေးကွက်ပျောက်နေချိန် ပြည်ပမှ တင်သွင်းလာသော ပန်းများ ဘာကြောင့် ဈေးကွက်မှာနေရသလဲ ဆိုသည်ကို တောင်သူများ လေ့လာသိရှိရမည် ဖြစ်သည်။ ဈေးကွက်လိုအပ်ချက်ကို သိရန်၊ ထုတ်ကုန်/ ပို့ကုန် အရည်အသွေးမြှင့်တင်ရန် နည်းပညာပိုင်းများစွာ လိုအပ်နေပြီဖြစ်သည်။

"စီးပွားရေးအောင်မြင်ရန် သတင်းအချက်ကို အခြေခံ " ဆိုသလို ယနေ့ သတင်းနှင့် နည်းပညာခေတ်ကြီးတွင် သတင်းအချက်အလက် ရရှိရေးသည်လည်း အရေးပါသော အချက်တစ်ခုဖြစ်ပါသည်။ ဒေသတွင်းတောင်သူများ မျက်စေ့ပွင့်၊ နားပွင့်ခေတ်ကို မျက်ခြေမပြတ်စေရန် စာများများ ဖတ်ရန်လိုပါသည်။ မိမိတို့သည် တောင်သူများဖြစ်သည့် အလျောက် ပန်းတစ်မျိုးတည်း စိုက်ခြင်းမဟုတ်ပဲ အခြားသီးနှံများလည်း စိုက်ပျိုးကြသဖြင့် သီးနှံစုံ၏ ဒေသတွင်းပေါက်ဈေး၊ အနယ်နယ်အရပ်ရပ်ရှိ ကုန်စည်ဒိုင်များ၏ ပေါက်ဈေး၊ စိုက်ပျိုးရေး၊ ဈေးကွက်စီးပွားရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ စသည့် ဗဟုသုတများ တိုးပွားကာ ၎င်းအချက်အလက်များကို စဉ်းစားချင့်ချိန်၍ လုပ်ကိုင်ခြင်းဖြင့် အကျိုးစီးပွား တိုးပွားနိုင်မည်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံသည် အိန္ဒိယ၊ ထိုင်း၊ တရုတ်နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး ပန်းဈေးကွက်မှာ အလားအလာ ကြီးမားလာလျက်ရှိပါသည်။ ပန်းစိုက်တောင်သူများ စိုက်ပျိုးသည့် ရာသီတစ်လျှောက်လုံး ဝင်ငွေတိုးတက် အဆင်ပြေရေးအတွက် ပန်းမန်စိုက်ပျိုးထုတ်လုပ်သူ အသင်းအဖွဲ့များလည်း ရှိပြီးဖြစ်ရာ နိုင်ငံတော် အစိုးရ၏ အထောက်အပံ့ ချေးငွေများ ရယူဆောင်ရွက်ခြင်း ပုဂ္ဂလိကလုပ်ငန်းများနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အကျိုးအမြတ် ပိုမို ရရှိကာ လူမှုဘဝတိုးတက်လာပြီး ပန်းမန် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဆောင်းကေရီ

Agribiz News www.agribiznews.com.mm
စီးပွား သတင်း

စာ-၁၃ မှ

(ကြီး) ၃တင်းတစ်အိတ် ၂၉၀၀၀၀ကျပ်မှ ၂၇၅၀၀၀ကျပ်သို့ ဈေးနိမ့်သွား ပြီး၊ ထောပတ်ပဲ(သေး)မှာ လုပ်ငန်းသုံးအဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၈၀၀၀၀ ကျပ်ဖြင့် ရောင်း ဝယ်နေသည်။

## ဂျုံနှင့်စေ့ထုတ်ပြောင်းဈေးကွက်

ဂျုံဈေးနှုန်းများအနေဖြင့် အထွက်နည်း၊ အဝင်နည်းခဲ့ခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်း၊ ဂျုံစက်များဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ငါန်းဇွန်း၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာဂျုံများအရည်အသွေးအကောင်းဆုံး ၂၃၅၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးမသိသာမြင့်သွားသည်။ ရှမ်းဂျုံမှာလူကြိုက်နည်း၊ လက်ကျန်များခြင်းကြောင့် အရည်အသွေးအကောင်း ဆုံး ၃တင်းတစ်အိတ် ၂၀၅၀၀၀ကျပ်မှ ၂၀၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြူးကုတ်ဂျုံမှာ အဝယ်ပုံမှန် ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၁၉၅၀၀၀ကျပ် ကလေးဂျုံတစ်အိတ် ၂၀၀၀၀၀ ကျပ် ဈေးအသီးသီးဖြင့် ရောင်းချနေသည်။ ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ၃၈၅၀ ကျပ်ဖြင့် မုန့်လုပ်ငန်းသမားများ လက်လီဝယ်ယူမှု ရှိသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ မိုးပြောင်းများ စတင်ဝင်ရောက်မှုရှိသော်လည်း အရည်အသွေးကောင်း ရှားခြင်းကြောင့် ၃တင်းတစ်အိတ် ၇၄၀၀၀ ကျပ်မှ အကောင်းဆုံး ၈၀၀၀၀ ကျပ်ဖြင့် တိရိစ္ဆာန်အစာစပ် သမားများ ဝယ်ယူမှုရှိသည်။

## သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ဈေးကွက်

သစ်သီးပွဲရုံများတွင် သီးပေါ်မှ ကဗွလာသီးများ လှိုင်လှိုင်ဝင်ရောက်ပြီး ၁၀၀ ပိဿာ ၃၀၀၀၀၀ ကျပ်၊ ထောပတ်သီး ၁၂၀ လုံးပါ တစ်အိတ် အရည်အသွေးပေါ်မူတည်၍ ၂၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ သခွားမွှေးသီးများ ချောင်းဦးဘက်မှ ဝင်ရောက်ပြီး တစ်လုံး ၃၀၀၀ မှ ၅၀၀၀ ကျပ်၊ အုန်းချောဘက်မှ သဘော်သီး တစ်လုံး ၂၅၀၀ မှ ၃၀၀၀ ကျပ်၊ ပုပ္ပားမှ နဂါးမောက်သီး ၁၈လုံးပါ တစ်ဖာ ၂၅၀၀၀ ကျပ် ၂၄လုံးပါတစ်ဖာ ၂၀၀၀၀ ကျပ်ဖြင့် မန္တလေးဝန်းကျင်နှင့် အမှာရှိသော မြို့များသို့ တင်ပို့မှု ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် နယ်ဝေးတင်ပို့မှုနည်းနေသည်။ ဟင်းသီး/ရွက်ဈေးနှုန်း အနေဖြင့် မိတ္ထီလာ၊ သာစည်တို့မှ ငရုတ်စို (ရှည်) တစ်ပိဿာ ၃၅၀၀ ကျပ်၊ ချောင်းဦးဘက်မှ ငရုတ်စို (လတ်) တစ်ပိဿာ ၅၀၀၀ ကျပ်ဖြင့် ငပိထောင်းလက်ဖက်လုပ်ငန်းသမားများ ပုံမှန်ဝယ်ယူမှုသာရှိသည်။ အောင်ပန်း ဂေါ်ဖီ တစ်ထုပ် ၁၅၀၀ ကျပ်၊ ပန်းမုံလာတစ်ပွင့် ၁၂၀၀ ကျပ်၊ ဂေါ်ရခါးသီးတစ်လုံး ၂၀၀ ကျပ်ဖြင့် စားသောက်ဆိုင်နှင့် လက်လီသမား အဝယ်များသည်။

ခင်မေကြည်

စာ-၁၄ မှ

စီစီရီရီဖြန့်ပြီး နေပူလှန်းပေးပါ။ အခြောက်ညီအောင် အထက်အောက်လည်း မကြာခဏလှန်ပေးပါ။ ခြောက်သွားပြီးလျှင် ပုလင်း/ ပလတ်စတစ်ဘူးထဲထည့်ပြီး လေလုံအောင် သိမ်းဆည်းပါ။ ချိုချဉ်စပ်မွှေး အရသာလေးနှင့် ခံတွင်းရှင်းစေသည့် ချဉ်ပေါင်ဖူးယိုလေးရ၏။

ချဉ်ပေါင်ဖူးခြောက်လေးကို ရေဆေးပြီးနောက် ရေနွေးပူပူထဲတွင် လက်ဖက်ခြောက်ခပ်သကဲ့သို့ ၅ - ၁၀ မိနစ် ခန့်ထည့်ပြီး အဖုံးအုပ်ပြီး နှပ်စိမ်ထားပေးပါ။ ကြိုက်တတ်လျှင် ချင်းတစ်ပြား၊ သစ်ကြံပိုးခေါက် အနည်းငယ်နှင့် အနံ့အတွက် သံပုရာသီးစိတ်လေး အနည်းငယ် ညှစ်ပေးလိုက်လျှင် အရောင်အဆင်း အနံ့ အရသာနှင့် ပြည့်စုံ သော ချဉ်ပေါင်ဖူးလက်ဖက်ရည်ကြမ်းလေး ရပါပြီ။ သောက်သုံးခါနီးအချိန်တွင် အဖတ်များကို ဆယ်ပစ်ပြီး အရည်ကို ခပ်နွေးနွေးအနေအထားမှာ သောက်သုံးနိုင်သကဲ့သို့ ခပ်အေးအေး သောက်သုံးလိုပါက ရေခဲသေတ္တာ ထဲတွင် ထားပြီး သောက်သုံးနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ချဉ်ပေါင်လက်ခြားပင်မှ ရရှိသည့် အစိတ် အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင် စားသုံးခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံ၏ ဂေဟာစနစ်ကောင်းမွန်ရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထွန်းကားရေးတို့ကို ရှိရာ ယဉ်ကျေးမှုလေ့ ထုံးတမ်းများနှင့် အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်





ဆောင်းကေရီ

# ပန်းစိုက်ပျိုးကဏ္ဍတိုးတက်ဖို့ တောင်သူအားလုံး ပါဝင်ဖို့

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံ ပိုလျှံရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် နည်းပညာနှင့် အကူအညီများ ပံ့ပိုးပေးလျက်ရှိပါသည်။ ပြောင်းလဲလာသော ရာသီဥတု ဖောက်ပြန်မှုနှင့်အတူ နိုင်ငံတကာတွင် ကြုံတွေ့နေရသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် နည်းပညာ အားပြိုင်မှုများ၏ နောက်ဆက်တွဲ ပြဿနာများတွင် စားရေရိက္ခာဖူလုံရေးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ပြီး တောင်သူတစ်ဦးချင်းစီ၏ ကုန်ထုတ်စွမ်းအားနှင့် တစ်ဧကချင်းစီ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ အရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာ၊ ဒေသနှင့် ရာသီအလိုက် ဒေသပန်းမျိုးကွဲများ စုံလင်စွာ စိုက်ပျိုးဖြစ်ထွန်းလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ စုစုပေါင်း ၅၅ သန်းခန့်ရှိကာ ဗုဒ္ဓဘာသာဝင် အများစုနေထိုင်ကြပြီး ဖြတ်ပန်းအသုံးပြုမှု (၈၀-၉၀)ရာခိုင်နှုန်း အထိရှိပြီး ပန်းကို ဘာသာရေးအတွက် အများဆုံး ဝယ်ယူအသုံးပြုလေ့ရှိပါသည်။

၂၀၁၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပန်း၏ရေပန်းစားမှု ပြောင်းလဲလာပုံအနေဖြင့် မင်္ဂလာဆောင် အခမ်းအနားများ၊ နိုင်ငံတော်အခမ်းအနားများ၊ အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် တန်ဖိုးမြင့်ထုတ်ကုန် အစရှိသည့် အသုံးပြုမှုများ ရှိလာသည့် အလျောက် တဖြည်းဖြည်း ပန်းအသုံးပြုမှု မြင့်မားလာလျက်ရှိပါသည်။ အဓိက စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည့် ပန်းအမျိုးအစား ၃ မျိုးရှိပါသည်။ ဂန္ဓမာပန်း (၆၀-၇၀) ရာခိုင်နှုန်းရှိပြီး ဈေးကွက်ဝေစု အများဆုံးပန်းဖြစ်ကာ နှင်းဆီနှင့် သစ္စာပန်းတို့သည် ဒုတိယဝေစု အများဆုံး ဖြစ်ပါသည်။

ပန်းစိုက်တောင်သူများ၏ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးကာ စိုက်ပျိုးရေးနှင့် ဆိုင်သော အသိပညာဗဟုသုတများ၊ ကူးသန်းရောင်းဝယ်ရေးနှင့်ဆိုင်သော အသိပညာ ဗဟုသုတများ တိုးပွားသည်ထက်တိုးပွားအောင် ဖြန့်ဝေအသိပေးရမည်ဖြစ်ပါသည်။ ပန်းစိုက်တောင်သူများ စီး ပွား ရေး ဖွံ့ ဖြိုး တိုး တ က် စေ ရ န် ဈေးကွက်လိုအပ်သော အရည်အသွေးကောင်းပန်းများကို နိုင်ငံခြားမှ တင်သွင်းမှုကို လျှော့ချနိုင်ရေးနှင့် ပြည်တွင်း၌ စိုက်ပျိုး ရောင်းချနိုင်ရေး၊ နိုင်ငံခြားငွေ သုံးစွဲမှုကို တဖက်တလမ်းမှ လျှော့ချနိုင်ရေး၊ ပြည်တွင်း ဈေးကွက် ဖူလုံစေရန်သာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေး၊ ပန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပန်းကို မွမ်းမံပြင်ဆင်၍ အခြားသော လူသုံးကုန်ပစ္စည်းများ ဥပမာအားဖြင့် အစားအသောက်ပြုလုပ်ခြင်း၊ ဆပ်ပြာခဲပြုလုပ်ခြင်း၊ အလှကုန်ပစ္စည်းပြုလုပ်ခြင်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြုလုပ်ခြင်းအဖြစ် ပြောင်းလဲနိုင်ခြင်းဖြင့် ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း များစွာဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အရည်အသွေးကောင်း ဆန်းသစ်သောပန်းများမှာ တန်ဖိုးကြီးသော်လည်း ကြိုက်နှစ်သက်ကြသော ပန်းချစ်သူများလည်း အများအပြား ရှိသောကြောင့် နိုင်ငံခြားမှ တင်သွင်းနေရခြင်း ဖြစ်သည်။

ပန်းများကို သဘာဝအတိုင်း ဖြတ်ရောင်းပန်းခိုင်အနေဖြင့် ရောင်းချနိုင်သလို အလှဆင် ပန်းများအတွက် ဈေးကွက်သို့ တင်ပို့ရာတွင် ရိတ်သိမ်းချိန်နောက်ပိုင်း တာရှည်ခံရေးဆောင်ရွက်ရန် လိုအပ်ပြီး ဈေးကွက်သို့ လျင်မြန်စွာ ရောက်ရှိဖို့အတွက် သယ်ယူပို့ဆောင်ရေးသည်လည်း အရေးကြီးပါသည်။ ဒေသတွင်းပဲဖြစ်စေ၊ နယ်ဝေး ဈေးကွက်တွင်ဖြစ်စေမည်သည့်ဈေးကွက်တွင်မဆို မိမိကုန်ပန်းတစ်မျိုးတည်း ရောင်းချ နေခြင်းမဟုတ်ဘဲ ဒေသတွင်းနှင့် အခြားဒေသအသီးသီးမှ ထွက်ရှိနေသော ပန်းကုန်များဖြင့် ယှဉ်ပြိုင်ရောင်းချနေရခြင်း ဖြစ်ပါသည်။

ဈေးနှုန်းချင်းတူလျှင် အရည်အသွေးကောင်းမွန်သည့် ကုန်ပစ္စည်းကိုသာ ဝယ်ယူလိုသော စားသုံးသူ၏ သဘောတရားကို နားလည်ထားရန် လိုပါသည်။ ထို့ကြောင့် မိမိထုတ်ကုန်ပစ္စည်း၏ အရည်အသွေး ကောင်းမွန်မှုနှင့် စံချိန်စံညွှန်း ပြည့်မီမှုရှိမရှိဆိုသည့်အချက်မှာလည်း အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ပေသည်။ ကုန်ပစ္စည်း အရည်အသွေး စံချိန်စံညွှန်းမြင့်မားစေရေးဆိုရာ၌ ထုတ်လုပ်စိုက်ပျိုးမှုအပိုင်းသည်လည်း အရေးကြီးပါသည်။ ပန်းတစ်ပွင့် စတင် စိုက်ပျိုး သည်မှ ဈေးကွက်သို့ ပို့ဆောင်ရောင်းဝယ်မှု ပြီးဆုံးသည်အထိ ရရှိသော ဈေးနှုန်းမှစ၍ စိုက်ပျိုးထုတ်လုပ်စရိတ်၊ ထုပ်ပိုးစရိတ်နှင့် သယ်ယူပို့ဆောင်မှုစရိတ် အသီးသီးကို နုတ်၍ ကျန်သည့် ပမာဏသည် စိုက်ပျိုးတောင်သူ၏ အမြတ်အစွန်းဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟဲဟိုးဒေသရှိ ပန်းစိုက်တောင်သူများအနေဖြင့် အတွေ့ အကြုံကိုအခြေခံသော လက်လှမ်းမီရာ သမားရိုးကျ စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးလျက်ရှိပါသည်။ အသီးအပွင့်များ ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ဓာတုမြေသြဇာများ၊ ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံ အသုံးပြုစိုက်ပျိုးလျက်ရှိပါသည်။ အစကနဦးကာလများတွင် မသိသာလှသော်လည်း ယနေ့အချိန်တွင် စနစ်မကျသော စိုက်ပျိုးမှုများကြောင့် ပိုးသတ်ဆေးများ အဆမတန် သုံး၍ ပက်ဖျန်းသော်လည်း ကောင်းစွာမနှိမ်နင်းနိုင်ခြင်း၊ မှိုသတ်ဆေးများ ဈေးကြီးပေး၍ ဖျန်းပက်သော်လည်း ရောဂါမပျောက်ခြင်း တို့ဖြစ်လာပါသည်။ သီးနှံများ၏ စိုက်ပျိုးထုတ်လုပ် စရိတ်တစ်ဝက်ကျော်သည် မြေသြဇာနှင့် ပိုးသတ်ဆေးဖိုးများအတွက် ပေးချေနေရသဖြင့် ကုန်ကျစရိတ်များနေသည်ကိုတွေ့ရသည်။

ယနေ့ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် ဓာတုမြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများ အဆမတန်သုံးစွဲခြင်းကြောင့် မြေဆီလွှာများ စိုက်ပျိုး၍မရလောက်အောင် မြေသားပျက်စီးလာခြင်း စသည့် ဘေးထွက်ဆိုးကျိုးများ ကြုံတွေ့နေရသည်ဖြစ်သောကြောင့် ထိုပြဿနာများကို နိုင်ငံတော်အရေး တစ်ခုသဖွယ် အလေးပေးကာ တောင်သူများအား အော်ဂဲနစ်ဇီဝ မြေသြဇာများ အစားထိုးသုံးစွဲနိုင်ရေး ပညာပေးဆွေးနွေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပါသည်။

ပန်းစိုက်ရာတွင် လယ်မြေ ခြံမြေများသည်လည်း မြေသြဇာနှင့် ပိုးသတ်ဆေးများ အဆမတန်သုံးစွဲမှုများကြောင့် ပန်းပင်များ အပင်ဖြစ်ထွန်းမှု နည်းပါးလာခြင်း၊ ဖြစ်ထွန်းပြန်သော်လည်း ရောဂါပိုးမွှားဒဏ်မခံနိုင်ခြင်း၊ တာရှည်အထားမခံတော့ခြင်း စသည့် ပြဿနာ အရပ်ရပ်ကို ကြုံတွေ့နေရပေသည်။ သားစဉ်မြေးဆက် လုပ်ကိုင် စားသောက်ရမည့် မိမိတို့လယ်ယာမြေများ မပျက်စီးရေးနှင့် စိုက်ပျိုးရာတွင် ရောဂါကင်းသော မျိုးကောင်း မျိုးသန့် များကိုသာ ရွေးချယ်စိုက်ပျိုးရေး၊ ဓာတုမြေသြဇာများနှင့် ဓာတု ဆေးဝါးများကို စနစ်တကျ သုံးစွဲရေးနှင့် ကြိုတင်ကာကွယ်သင့်သည့် နည်းစနစ်များ

စာ-၁၅ သို့